# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်သော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မော်လမြိုင် - ထားဝယ် - ရေး ပင်လယ်ကမ်းခြေ မီးရထားလမ်းကြောင်းနှင့် ရန်ကုန် - မော်လမြိုင် - မြိတ် - ထားဝယ် ကမ်းခြေရေလမ်းကြောင်း ခရီးစဉ်များ ပြေးဆွဲနိုင်ရေးအတွက်လည်း စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့ ဖတ် စ ရာ**


**အိုမီခရွန်ကြောင့် ကမ္ဘာ့စီးပွားရေး ထိခိုက်စေသကဲ့သို့ ဝန်ထမ်းအင်အားပြတ်လပ်မှုများ ဖြစ်ပေါ်လာ** — နိုင်ငံတကာရေးရာ | စာ - ၁၄

**စံပြုကိုးကားနိုင်သည့် ဒီအင်န်အေ မျိုးရိုးဗီဇမှတ်တမ်း** — ဆောင်းပါး | စာ - ၂၀

**ပုဂံ - ညောင်ဦး ရေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိ ရေကန်ကြီးများတွင် ဆောင်းခိုငှက်များ လာရောက်ကျက်စားမှုများလာ** — ပြည်တွင်းသတင်း | စာ - ၂၁

မြန်မာ့အလင်း

# လူငယ်နှင့် စာပေပွဲတော်ဆီသို့

လူတိုင်းစာဖတ်ကြဖို့ လိုသည်။ စာဖတ်သူက စာမဖတ်သူထက် ပို၍ အသိပညာဗဟုသုတ နယ်ပယ်ကျယ်ပြန့်သည်။ ခေါင်းတစ်လုံးပို၍ မြင့်သည်။ စဉ်းစားဉာဏ်နှင့် ဆင်ခြင်တုံတရားတို့ ပိုသည်။ စာဖတ်သည့် အလေ့အကျင့်ကို ငယ်စဉ်ကပင် ပျိုးထောင်ပေးခြင်းဖြင့် ကလေးဘဝ၊ လူငယ်ဘဝကတည်းက စာဖတ်သည့်အကျင့် စွဲလာသည်။ စာပေမှရရှိသည့် အသိသုတတို့က ဘဝလမ်းကြောင်းကို မတိမ်းမစောင်းအောင်၊ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်အောင် ထိန်းကျောင်းပေးနိုင်သည်။

ရသစာပေဖြစ်စေ၊ သုတစာပေဖြစ်စေ စာကောင်းပေမွန်မှန်သမျှကို စဉ်ဆက်မပြတ်ဖတ်ကြရန် ပညာရှိတို့က ရှေးကတည်းကပင် တိုက်တွန်းခဲ့ကြသည်။ "ရသစာပေကောင်းကို ဖတ်ရလျှင် ပတ်ဝန်းကျင်ကိုလည်း သတိပြုလာနိုင်စရာ အကြောင်းရှိပါသည်။ လောဘထွက်သူသည် မိမိလောဘထွက်သည်ကို သတိပြုမိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသထွက်သည်ကို သတိပြုမိလျှင်၊ မာနတက်သူသည် မိမိမာနတက်သည်ကို သတိပြုမိလျှင် ဆင်ခြင်တတ်ခြင်းရှိလာ၍ လောဘ၊ ဒေါသ၊ မာနတို့၏ အပူအလောင်မှ သက်သာရာရနိုင်သည်ဟု ပညာရှိတို့ ဆိုမိန့်ကြပါသည်။ ထိုနည်းတူစွာ ပတ်ဝန်းကျင်ကို သတိပြုမိသူသည် မိမိ၏ကိုယ်နှုတ်နှလုံးကို သုံးသည့်အခါတိုင်း ဆင်ခြင်တတ်ခြင်းရှိလာ၍ မိမိတစ်ဦးတည်း၏ အကျိုးစီးပွားအတွက်သာမက ပတ်ဝန်းကျင်၌ မိမိကဲ့သို့ သုခဒုက္ခအမျိုးမျိုးနှင့် ကျင်လည်နေကြကုန်သော သတ္တဝါခပ်သိမ်း၏ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်မြင်တတ် ကရုဏာဖြစ်တတ်လာနိုင်စရာ အကြောင်းရှိသည်ဟု ထင်ပါသည်"ဟု မြန်မာစာပေပညာရှင်ကြီး တစ်ဦးဖြစ်သူ ဆရာဇော်ဂျီက ရေးသားခဲ့သည်။ ရသစာပေကောင်းကို ဖတ်ရှုသူအဖို့ လောဘ၊ ဒေါသ၊ မာနတို့ လျော့နည်းစေကာ ကိုယ် နှုတ် နှလုံး သုံးပါးသော အမူအရာတို့ သိမ်မွေ့လာစေသည့်အလျောက် လောကကို တစ်ထောင့်တစ်နေရာမှ အလှဆင်နိုင်မည်ဖြစ်သည်။

သုတစာပေက အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတတို့ တိုးပွားစေသည်။ လောကအကြောင်း၊ ဓမ္မအကြောင်း၊ ဘဝအကြောင်းတို့ကို မိမိတို့၏ အတွေ့အကြုံမျှဖြင့်ဆိုလျှင် အနည်းငယ်မျှသာ သိနိုင်မည်ဖြစ်သော်လည်း စာဖတ်ပါက အချိန်တိုတိုနှင့် အသိသုတ မြောက်မြားစွာ ရရှိနိုင်သည်။ သိဖွယ်၊ တတ်ဖွယ်၊ မှတ်ဖွယ်များစွာတို့ စာပေထဲတွင် ရှိနေသည့်အလျောက် ဖတ်လျှင် ဖတ်သလောက်၊ မှတ်လျှင် မှတ်သလောက် တတ်မြောက်သိမြင် ကျွမ်းကျင်လာနိုင်ကြသည်။ စာဖတ်နိုင်သည့်အရွယ်မှစ၍ နေ့စဉ်ဖတ်မှတ်လေ့လာသမျှသော စာတို့က ကာလကြာရှည်သည့်အခါ ဘဝကို မြင့်မြင့်မားမားရောက်ရှိစေသည်။ မြန်မာရာဇဝင်တွင် အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက် ပညာရှိအမတ်ကြီး ဘိုးရာဇာသည် လယ်သမားဘဝမှ နန်းတော်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

လူငယ်များ စာပေများများဖတ်ရှုရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများစွဲမြဲစေရေး တိုက်တွန်းနှိုးဆော် အားပေးသည့်အနေဖြင့် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို သုံးရက်တိုင်တိုင် ကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ယင်းပွဲတော်တွင် လေကြောင်းပညာဆိုင်ရာ သရုပ်ပြပွဲနှင့် ပြခန်းများ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များကို ဆွဲဆောင်ထားပြီး အဓိကဦးတည်ချက်အဖြစ် စာဖတ်ကြရေး အသိပညာပေးခြင်းပင်ဖြစ်ရာ လာမည့် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပသွားမည့် လူငယ်နှင့် စာပေပွဲတော်ဆီသို့ ကျောင်းသူ ကျောင်းသားများ၊ မိဘပြည်သူများ၊ ဝန်ထမ်းမိသားစုများ သွားရောက်လေ့လာကြခြင်းဖြင့် စာဖတ်ခြင်း အလေ့အကျင့်ကောင်းနှင့် အသိပညာဗဟုသုတတို့ တိုးပွားကြပါစေကြောင်း။ ။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဇန်နဝါရီ ၁၃**

မကွေးတိုင်း ဒေသကြီးအတွင်း (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်သည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေး တက်ရောက်လာသူများ အနေဖြင့် ဝိုင်းဝန်းအကြံပြုကြစေလိုကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားတွင် ပြခန်းများ ခင်းကျင်းပြသရာ၌ ပြည်သူများ စိတ်ဝင်စားပြီး ဗဟုသုတရစေမည့် ပြခန်းများနှင့် မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသား ပြည်သူများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများကို ပါဝင်ပြသစေလိုကြောင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်ကျော်လင်းက ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့လုပ်ငန်း ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# သုံးခွမြို့နယ်၌ အသက် ၁၈ နှစ်အထက် ကာကွယ်ဆေးတစ်ကြိမ်မှ မထိုးနှံရသေးသူများအား ကာကွယ်ဆေးဆက်လက်ထိုးနှံပေး

**သုံးခွ ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် အသက် ၁၈ နှစ်အထက် ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသူများအား အိန္ဒိယနိုင်ငံထုတ် (Covishield) ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် (ဒုတိယအကြိမ်) ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (Sinovac) ထိုးနှံခြင်းကို ယမန်နေ့က မြို့နယ်အားကစားခန်းမ ခြင်းလုံးရုံ၌ ဆက်လက်ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံခြင်းကို ဇန်နဝါရီ ၈ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ ယနေ့အထိထိုးနှံပေးလျက်ရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ အသက် ၄၅ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသူများ၊ အစိုးရကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များ၊ သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ယာဉ်မောင်းဆရာများ၊ ယာဉ်နောက်လိုက်များ၊ ဆိုက်ကားဆရာများ၊ (ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဝန်ထမ်းများ)၊ ပုဂ္ဂလိကဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ အခြားဝင်ငွေရရှိသော လုပ်ငန်းလုပ်ကိုင်သူများ၊ စားသောက်ကုန်ပစ္စည်းရောင်းချသူများ၊ စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်ရှိဝန်ထမ်းများ၊ ဈေးသည်များနှင့် မသန်စွမ်းများကို ထိုးနှံပေးကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၉၃၂၄၃ ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးသူ ၈၅၆၃၈ ဦးရှိပြီး ၈၀ ဒသမ ၇၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**စည်သူလင်း**
**(ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၅-၁-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်၌ စေတနာဖြင့် မိဘများ၏ ဆိုဆုံးမမှုကို ကောင်းမွန်စွာ လိုက်နာသင့်ကြောင်း ရေးဖွဲ့ထားသည့် "ကျွမ်းကျင်ရာ" မျက်နှာဖုံးဇာတ်လမ်း၊ ကလေးတို့အနေဖြင့် မိမိတို့၏ နားလေးများအကြောင်းနှင့် ၎င်းတို့၏ အသုံးဝင်ပုံနှင့် အရေးပါပုံအကြောင်းကို သိရှိနိုင်စေရန် ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "နားအကြောင်း လေ့လာကြမယ်" သုတဆောင်းပါး၊ မိမိ၏ ထင်မြင်ယူဆချက်ဖြင့် လုပ်ကိုင်ရာမှ ဖြစ်ပေါ်လာသော အလွဲများကို သတိပြုဆင်ခြင်ဖွယ် တင်ဆက်ထားသည့် "ရွှေဖဲနှင့်လူကုန်ကူးမှု" နှစ်မျက်နှာ ကာတွန်း၊ လိမ္မာပါးနပ်၍ ဉာဏ်ပညာပြည့်ဝသော ပညာရှိလယ်သမားကြီး အကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိလယ်သမား" ပုံပြင်၊ အလုပ်လုပ်ရာ၌ ဆင်ခြင်ဉာဏ်မဲ့စွာ မပြုလုပ်သင့်ကြောင်းကို ပညာပေး ရေးဖွဲ့ထားသည့် "တုံတုံ"တစ်မျက်နှာ ကာတွန်း၊ သူတစ်ပါး၏ အသိုက်အမြုံကို မဖျက်ဆီးသင့်ကြောင်းကို တင်ဆက်ထားသည့် "မေမေ့မျက်ရည်"ဝတ္ထု၊ သူ၏ ဦးလေးကို ဒေါသဖြစ်အောင် နောက်ပြောင်လွန်းသော မင်းမင်းအကြောင်းကို ရေးဖွဲ့ထားသည့် "မင်းမင်း" နှစ်မျက်နှာကာတွန်း၊ မိမိ၏အလှအပကို အထင်ကြီးမိ၍ ဒုက္ခရောက်ရသော သမင်လေးအကြောင်းကို တင်ဆက်ထားသည့် "အလှနိဂုံး" နှစ်မျက်နှာကာတွန်း၊ Noun များအကြောင်းကို လေ့ကျင့်ခန်းများနှင့် တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ"အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍပါ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်သည်။




**သတင်းစဉ်**




**"တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာခဲ့ခြင်းပင်ဖြစ်သည့်အတွက် ပြည်သူတို့ လိုလားတောင့်တနေရသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ယခင်တပ်မတော်အစိုးရလက်ထက် ဒီမိုကရေစီ မကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကိုလေ့လာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရ"**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ရှင်းလင်းတင်ပြစဉ်။

❐ *ရွှေဖုံးမှ*

**❖ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အတိုင်းသာ ဆက်လက်လုပ်ဆောင်ရမည်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွန်းဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာညွန့်ဖေ၊ ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသဆိုင်ရာအချက်အလက်များ၊ ရေထွက်သယံဇာတများ ထုတ်လုပ်ရေးနှင့် မွေးမြူရေးဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ရေပေးဝေရေးစီမံကိန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရေချိုရေသန့်ဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် ရေထွက်ပစ္စည်းကုန်ချောထုတ်လုပ်မည့် စက်မှုဇုန်တည်ဆောက်ရန် လျာထားစီမံကိန်းဆောင်ရွက်နေမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ရေအားလျှပ်စစ်စီမံကိန်းများရှိ ဓာတ်အားပေးစက်ရုံများကို စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းပြီး လျှပ်စစ်ဓာတ်အားများကို ဖြန့်ဝေသုံးစွဲနိုင်မည့် အခြေအနေနှင့် လေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအချက်အလက်များ၊ ပန်းခင်းစီမံချက်ဖြင့် အသက်အရွယ်ပြည့်မီသူ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရေး ဆောင်ရွက်နေမှု အခြေအနေ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲခွင့်ပြု

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးတင်ထွန်းဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာညွန့်ဖေ၊ ဦးရွှေလေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားရာ၌ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ ဘုတ်ပြင်းတို့တွင် လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲခွင့်ပြုပေးထားသည့် အခြေအနေ၊ ရထားပို့ဆောင်ရေးတွင် ခရီးသည်များပိုမိုလိုက်ပါနိုင်စေရေးနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်စေရေးတို့အတွက် လမ်းကြောင်းသစ်များကို သုတေသနပြုရွေးချယ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့် အခြေအနေ။

တိုင်းဒေသကြီးအတွင်း မြေသယံဇာတများ ပေါကြွယ်ဝစွာရှိသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလယ်ယာလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အောင်မြင်အောင် လုပ်ဆောင်နိုင်မည့် အခြေအနေ၊ ငါးသယံဇာတထုတ်ယူမှုတွင် သဘာဝအတိုင်း ထုတ်ယူခြင်းအပြင် ဈေးကွက်မှ လက်ခံနိုင်သည့် သဘာဝအတိုင်း လှောင်၍မွေးမြူသည့် နည်းစနစ်ဖြင့် မွေးမြူထုတ်လုပ်နိုင်ရေး လုပ်ဆောင်နေသည့် အခြေအနေ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားလုပ်ငန်းများလုပ်ဆောင်နိုင်ရေး နည်းပညာမျှဝေပေးခြင်းများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိသည့် အခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေပြင်၊ ရေအောက်သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှု အခြေအနေများကို ဆက်လက်ထိန်းသိမ်းရေးနှင့် အဏ္ဏဝါဂေဟစနစ်ပျက်ယွင်းမှုမရှိစေရေး နိုင်ငံတော်အဆင့်ဖြင့် စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

## စီမံကိန်းများကို ဆောင်ရွက်

တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားများကို ပေးဆောင်ရသည့် ဓာတ်အားခနှင့် ကိုက်ညီစွာ သုံးစွဲနိုင်ရေး၊ နိုင်ငံအဝန်း လျှပ်စစ်ဓာတ်အားများကို အပြည့်အဝ ဖြန့်ဖြူးနိုင်ရေးတို့အတွက် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့် စီမံကိန်းများကို ဆောင်ရွက်နေသည့် အခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပန်းခင်းစီမံချက်ကို နိုင်ငံတော်စီမံချက်အဖြစ် ဆောင်ရွက်၍ အသက်အရွယ်ပြည့်မီသူ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရေး အခြားဝန်ကြီးဌာနများနှင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့တွင် ယခင်သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များအပြင် စီးပွားရေးဆိုင်ရာ ဘာသာရပ်နှင့် ဥပဒေဆိုင်ရာဘာသာရပ်များကိုပါ သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဒေသနှင့်ကိုက်ညီသည့် ရေထွက်သယံဇာတထုတ်ယူခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် အဏ္ဏဝါသိပ္ပံဘာသာရပ် လေ့ကျင့်ရေးစခန်းတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေ။

### လမ်းနှင့် တံတားများကို အဆင့်မြှင့်တင်

တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရေးအတွက် လမ်းနှင့်တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့် ကျေးလက်လမ်းတံတားများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရောဂါကူးစက်ဖြစ်ပေါ်ခဲ့မှု အခြေအနေနှင့် လက်ရှိအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါပိုးအတည်ပြုလူနာ တွေ့ရှိမှုနှုန်းကို လျှော့ချနိုင်ခဲ့ပြီးဖြစ်သည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းဖြစ်ပေါ်မှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

### နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ပြီးခဲ့သည့် ရွေးကောက်ပွဲကာလတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ထိုကဲ့သို့မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်း မရှိခဲ့ကြောင်း။

### ခက်ခက် ခဲခဲဖြင့် ကြိုးပမ်းဆောင်ရွက်

တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာခဲ့ခြင်းပင်ဖြစ်သည့်အတွက် ပြည်သူတို့လိုလား

❖ ငြိမ်းချမ်းခြင်းမရှိပါက မှန်ကန်မျှတသည့် ရွေးကောက်ပွဲဖြစ်နိုင်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေးတွင် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ဥပဒေနှင့်အညီ ပါဝင်လာမှသာလျှင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်လာမည်

❖ ထို့ကြောင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများ ပါဝင်လာနိုင်စေရေး အလွတ်သဘော ဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

တောင့်တနေရသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ယခင်တပ်မတော်အစိုးရလက်ထက် ဒီမိုကရေစီမကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ၂၀၀၈ ခုနှစ်တွင် မဲပေးပိုင်ခွင့်ရှိသူ၏ ၉၂ ဒသမ ၁၈ ရာခိုင်နှုန်းကျော်ထောက်ခံမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အတည်ပြုခဲ့ပြီး ပြည်သူတို့ လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီပထမသက်တမ်းကာလ သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအကျပ်အတည်းများ၊ ပြင်ပနိုင်ငံများ၏ ဖိအားပေးမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများအကြား ခက်ခက်ခဲခဲဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

### No Vote လှုပ်ရှားမှုများ ဖြစ်ပေါ်လာ

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ NLD ပါတီ အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာတွင် မဲဆွယ်စည်းရုံးစဉ်ပြောကြားချက်များ၊ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်မှု အားနည်းချက်နှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကြောင့် ပြည်သူလူထုအနေဖြင့် ရွေးကောက်တင်မြှောက်သည့် အစိုးရအပေါ် ယုံကြည်မှုနည်းပါးလာပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ ၁၄ ရာခိုင်နှုန်းခန့်သာ မဲပေးခဲ့ပြီး လူဦးရေ ၁၀၀ လျှင် ၁၄ ဦးခန့်သာ မဲပေးခဲ့သည်ကို တွေ့ရှိကြောင်း၊ ထိုကဲ့သို့ No Vote လှုပ်ရှားမှုများ ဖြစ်ပေါ်လာခြင်းဖြင့် တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်မဟုတ်ဘဲ ဆန္ဒမဲပေးသူများအနေဖြင့် မိမိတို့ဆန္ဒနှင့် ကိုက်ညီသည့် ရွေးကောက်ခံအစိုးရကို ရရှိနိုင်မည်မဟုတ်သဖြင့် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် ဆန္ဒမဲများပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း။

### တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့

NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲမတိုင်မီဖြစ်ပေါ်နေသည့် No Vote လှုပ်ရှားမှုများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲအတွေ့အကြုံများအရ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် အနိုင်ရရှိရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲမတိုင်မီပါတီများ၏ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှုများတွင်လည်း အမိန့်အမျိုးမျိုးထုတ်ပြန်ခဲ့ကြောင်း၊ ရွေးကောက်ပွဲရလဒ်များကြေညာသည့်အချိန်တွင် မဖြစ်နိုင်သည့် မသင်္ကာဖွယ်ရာ မဲရလဒ်များ ထွက်ပေါ်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတစ်ခုတည်း အတွင်း၌ပင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၃ သိန်း ၄ သောင်းကျော်ရှိခဲ့ပြီး ထိုအထဲတွင် အသက် ၁၀၀ နှစ်အထက် ၇၀၈ ဦးအထိ ပါဝင်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် တပ်မတော်မှ မဲစာရင်းများအား ကျွမ်းကျင် ကွန်ပျူတာပညာရှင်များဖြင့် စိစစ်ဆောင်ရွက်ခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းများတွေ့ရှိရပြီး သတင်းများထုတ်ပြန်ခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းများ ကြီးမားစွာကွဲလွဲနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူအဖွဲ့အစည်း အဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေခြင်းသာ ဖြစ်သဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အတိုင်းသာ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင် တပ်ဘက်၊ အရပ်ဘက် မျှတအောင်ဖွဲ့စည်းခဲ့ပြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းရာတွင် အရပ်သားများဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကိုသာ ဆက်လက်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၉ ရပ်ချမှတ်၍ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင်ပါဝင်သည့် ပထမအချက်ဖြစ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်မည် ဆိုသည့်အတိုင်း မဲစာရင်းမှားယွင်းမှုများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်းများသည် အလွန်အရေးကြီးပြီး မိမိတို့အနေဖြင့် တတိယလှိုင်းဖြစ်ပေါ်ခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိသည့်အတွက် ကျန်းမာရေးဝန်ထမ်းအခက်အခဲ၊ ကာကွယ် ကုသ ထိန်းချုပ်ရေး ဆေးဝါးများ၊ ပစ္စည်းများ စသည့်အခက်အခဲပေါင်းစုံကြားမှ ကြံ့ကြံ့ခံ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးရရှိရေးအတွက် ယခင်အစိုးရလက်ထက်တွင် အိန္ဒိယမှ မှာယူထားခဲ့ပြီးဖြစ်သော်လည်း အိန္ဒိယနိုင်ငံတွင် ရောဂါဖြစ်ပွားမှုများ များပြားလာသည့်အတွက်

*စာမျက်နှာ ၅ သို့*

❖ မိမိတို့၏ မျိုးဆက်သစ်လူငယ်လူရွယ်များကို ကောင်းမွန်သည့် စာပေပညာအမွေအနှစ်များ သင်ကြားပေးနိုင်ရမည်

❖ နိုင်ငံတော်မှ အခြေခံပညာများ၊ တက္ကသိုလ်ပညာများ သင်ကြားပေးနေခြင်းသည် မိမိတို့တစ်ဦးချင်းစီ၏ ရှေ့ဆက်ရမည့်ဘဝခရီးတွင် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်သည့်အတွက် အခွင့်အရေးကို ရရှိအောင်ယူကြစေလို

❖ နိုင်ငံ၏ ပညာရည်အဆင့်အတန်းမြင့်မားစေရေးအတွက် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုပြီး အမှန်တကယ် တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးကြရမည်

*စာမျက်နှာ ၄ မှ*

## ❖ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်ကြစေလိုပြီး သယံဇာတပေါကြွယ်ဝမှုနှင့် နေရာအချက်အချာကျမှုကိုအခြေခံ၍ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရန်လို၊ ဒေသတွင်း လျှပ်စစ်ဖူလုံရေးအစိုးရမှ လုပ်ဆောင်ပေးမည်ဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားခ သက်သာစေသည့် LED မီးအမျိုးအစားများကို သုံးစွဲခြင်းဖြင့်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို သက်သာအောင် တစ်ဖက်တစ်လမ်းက လုပ်ဆောင်နိုင်မည်

ရောက်ရှိခဲ့ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးရရှိရေးအတွက် နိုင်ငံပေါင်းစုံနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ရည်မှန်းဆောင်ရွက်ခဲ့သည့်အတိုင်း ဒီဇင်ဘာလကုန်တွင် ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

### လျှပ်စစ်စွမ်းအားရရှိရန်လို

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်ပြီး အခြေခံရှိသည့် တိုင်းပြည်ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်၊ ဆက်သွယ်ရေးစနစ် လျင်မြန်ကောင်းမွန်ရန်၊ လျှပ်စစ်စွမ်းအားရရှိရန် လိုအပ်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး ကောင်းမွန်ရမည်ဖြစ်ကြောင်း။

### စိန်ရတုအကြိုကာလဖြစ်

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ယခုနှစ်သည် စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် စိန်ရတုအကြိုကာလဖြစ်ကြောင်း၊ ၇၅ နှစ်တာကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ငြိမ်းချမ်းရေးရရှိရန်မှာ အရေးကြီးကြောင်း၊ နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ ဘာသာရေးအရ ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပြီး မိမိတို့လျှောက်လှမ်းနေသည့် ပါတီစုံလမ်းကြောင်းကို လျှောက်လှမ်းရာတွင် တစ်ယောက်တစ်မျိုးဖြစ်နေ၍ ရမည်မဟုတ်ဘဲ နိုင်ငံသားတိုင်း တူညီသည့် အခွင့်အရေးရရှိရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း နိုင်ငံသားတစ်ဦးချင်း၏ ရပိုင်ခွင့်နှင့် ပတ်သက်၍ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းခြင်းမရှိပါက မှန်ကန်မျှတသည့် ရွေးကောက်ပွဲဖြစ်နိုင်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေးတွင် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ဥပဒေနှင့်အညီ ပါဝင်လာမှသာလျှင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများ ပါဝင်လာနိုင်စေရေး အလွတ်သဘော ဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### ဒေသအတွင်း၌ ဖူလုံအောင် ဆောင်ရွက်

လူတို့တွင် တိုးတက်ကြီးပွားလိုစိတ်ရှိပါက ရပ်နေ၍ရမည်မဟုတ်ဘဲ လုပ်ကိုင်ဆောင်ရွက်နေမှသာလျှင် တိုးတက်မှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း တိုးတက်မှုဖြစ်ပေါ်လာအောင် မလုပ်ဆောင်နိုင်ပါက ပြိုကျသွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ဆန်ဖူလုံမှု ၇၀ ရာခိုင်နှုန်းသာရှိပြီး လိုအပ်သည်များကို ပြင်ပမှ ဝယ်ယူနေရသည်ကို တွေ့ရှိရကြောင်း၊ စားကုန်၊ သုံးကုန်၊ သောက်ကုန်ပစ္စည်းများကို မိမိဒေသအတွင်း၌ ဖူလုံအောင် ဆောင်ရွက်နိုင်မည်၊ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်းရှိ ငွေကြေးများ ပြင်ပသို့ရောက်ရှိတော့မည်မဟုတ်ဘဲ ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကာ ဒေသခံများ၏ ချမ်းသာကြွယ်ဝမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဆန်အထွက်နှုန်း တစ်ဧက တင်း ၇၀ ခန့်သာရှိသဖြင့် တင်း ၁၀၀ ထွက်အောင် ကြိုးစားဆောင်ရွက်ပြီး ဒေသတွင်း ဆန်ဖူလုံမှုရှိအောင် လုပ်ဆောင်ကြစေလိုကြောင်း။

မည်သည့်စိုက်ပျိုးရေးကို လုပ်ဆောင်သည်ဖြစ်စေ မျိုး၊ မြေ၊ ရေ၊ နည်းကောင်းမွန်ပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မျိုးကောင်းရမည်၊ မြေကိုစနစ်တကျပြုပြင်ရမည်၊ သဘာဝမြေဩဇာများကို ထုတ်လုပ်၍ နည်းစနစ်တကျသုံးစွဲနိုင်ရမည်၊ အထွက်နှုန်း ကောင်းမွန်မည့် မှန်ကန်သည့် စိုက်နည်းစနစ်များကို အသုံးပြုရမည်ဖြစ်ပြီး မွေးမြူရေးဆောင်ရွက်သည်ဖြစ်စေ၊ စိုက်ပျိုးရေးဖြစ်စေ အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် ကောင်းမွန်သည့် ရေအရင်းအမြစ်များ ရရှိအောင်လည်း ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း။

### ဒေသစီးပွားရေးကို အထောက်အကူဖြစ်

ရေထွက်လုပ်ငန်းနှင့် ပတ်သက်၍ အဓိကထားဆောင်ရွက်ကြသည်ဖြစ်သော်လည်း အခြား ကြက်၊ ဝက်၊ အမဲ၊ ဆိတ် မွေးမြူရေးလုပ်ငန်းများကိုလည်း နည်းလမ်း စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက ဒေသစီးပွားရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖူလုံရေးကို ဦးစားပေးဆောင်ရွက်ပြီး ထိုမှတစ်ဆင့် အေးခဲအသားငါးနှင့် အသားခြောက်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ဆောင်ရွက်နိုင်ရေး ဈေးကွက်ရှာဆောင်ရွက်ကြစေလိုကြောင်း၊ တင်ပို့နိုင်ရေးအတွက်လည်း ရေကြောင်းလမ်းများ၊ လေကြောင်းလမ်းများ စသည့် ကောင်းမွန်သည့် အခွင့်အရေးများရှိပြီးဖြစ်သဖြင့် အောင်မြင်အောင် လုပ်ဆောင်ကြစေလိုကြောင်း။

### ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်

ကျန်းမာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အာဆီယံတွင် အနိမ့်ဆုံးဖြစ်ပြီး ၆၇ နှစ်သာရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများနည်းတူ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေး အာဟာရပြည့်ဝစွာ စားသောက်ရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆန်ကိုဗဟိုပြု၍ အခြားသားငါးသီးနှံတို့ကို စားသောက်ခြင်းဖြစ်သည့်အတွက် အာဟာရပြည့်ဝအောင် စားသောက်ကြရမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ငါးမျိုးစုံကို ရွေးချယ်စားသုံးနိုင်ပြီး အခြားအသားငါး၊ ဟင်းသီးဟင်းရွက်များလည်း ပြည့်စုံစွာ ရရှိနိုင်ပြီးဖြစ်သဖြင့် ပြည့်ပြည့်ဝဝစားသုံးကာ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း။

### တတ်မြောက်အောင် လေ့ကျင့်သင်ကြား

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကျောင်းနေသူရာခိုင်နှုန်းနှင့် စာတတ်မြောက်သူရာခိုင်နှုန်း နည်းပါးလျက်ရှိသဖြင့် ပညာရေးကို အားပေးကြရန် လိုအပ်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာရှင်များပေါ်ထွက်လာမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ မျိုးဆက်သစ်လူငယ်လူရွယ်များကို ကောင်းမွန်သည့် စာပေပညာအမွေအနှစ်များ သင်ကြားပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အခြေခံပညာများ၊ တက္ကသိုလ်ပညာများ သင်ကြားပေးနေခြင်းသည် မိမိတို့တစ်ဦးချင်းစီ၏ ရှေ့ဆက်ရမည့်ဘဝခရီးတွင် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်သည့်အတွက် အခွင့်အရေးကို ရရှိအောင်ယူကြစေလိုကြောင်း၊ အစိုးရကောင်းစေလိုခြင်းမဟုတ်ကြောင်း၊ စစ်တမ်းများအရ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းစတင်တက်ရောက်သူဦးရေ ၁ ဒသမ ၅ သန်းရှိပြီး တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိခဲ့သူ ၂ သိန်း ၇ သောင်းကျော်ခန့်သာရှိခဲ့သဖြင့် ကျောင်းစတင်တက်ရောက်ခဲ့သူများအနက် ၈၀ ရာခိုင်နှုန်းသည် တက္ကသိုလ်ဝင်တန်းအောက်ပညာအရည်အချင်း၌သာရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ ပညာရည်အဆင့်အတန်းမြင့်မားစေရေးအတွက် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုပြီး အမှန်တကယ် တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း။

### တစ်ဖက်တစ်လမ်းက လုပ်ဆောင်

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်ကြစေလိုပြီး သယံဇာတပေါကြွယ်ဝမှုနှင့် နေရာအချက်အချာကျမှုကိုအခြေခံ၍ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရန်လိုကြောင်း၊ ဒေသတွင်း လျှပ်စစ်ဖူလုံရေးအစိုးရမှ လုပ်ဆောင်ပေးမည်ဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားခ သက်သာစေသည့် LED မီးအမျိုးအစားများကို သုံးစွဲခြင်းဖြင့်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို သက်သာအောင် တစ်ဖက်တစ်လမ်းက လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်၊ ထုတ်ကုန်များအား သက်သာသောဈေးနှုန်းများဖြင့် ပြင်ပသို့တင်ပို့နိုင်ရေးနှင့် ခရီးသွားပြည်သူတို့ လမ်းကြောင်းတစ်လျှောက် စိတ်အေးချမ်းသာစွာဖြင့် ရှုခင်းများကြည့်ရှု၍ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး မော်လမြိုင်-ထားဝယ်-ရေး ပင်လယ်ကမ်းခြေမီးရထားလမ်းကြောင်းနှင့် ရန်ကုန်-မော်လမြိုင်-မြိတ်-ထားဝယ် ကမ်းခြေရေလမ်းကြောင်း ခရီးစဉ်များ ပြေးဆွဲနိုင်ရေးအတွက်လည်း စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျောက်မီးသွေး၊ သံရိုင်း၊ ထုံးကျောက်နှင့် သဲသယံဇာတများ များစွာရှိသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သံမဏိလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်းနှင့် ဖန်ချက်လုပ်ငန်းများလုပ်ဆောင်ရန် စိတ်ဝင်စားမှုရှိပါက လုပ်ဆောင်နိုင်ရေး မည်သူမဆိုဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်ကြစေလိုကြောင်း။

### အားကစားမြှင့်တင်ခြင်းကို ဆောင်ရွက်

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းနှင့် ပြည်နယ်အသီးသီးတွင် အားကစားကွင်းများ၊ အားကစားရုံများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံများ၏ အားကစားမြှင့်တင်ခြင်းကိုဆောင်ရွက်ပြီး မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်မှတစ်ဆင့် နိုင်ငံအဆင့်အထိ အားကစားကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

### အောင်မြင်အောင် ဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီးသည် ရေခံမြေခံ ကောင်းမွန်ပြီး နဂိုရှိရင်းစွဲ သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အတွက် အနာဂတ်မျှော်မှန်းချက်များစွာရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ပညာရေးကို အားပေးကြစေလိုပြီး စနစ်ကျနသည့် စီးပွားရေးလုပ်ငန်းများပေါ်ထွက်လာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ထိန်းသိမ်းကြပ်မတ်မှု၊ ဒေသခံပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **“တနင်္သာရီတိုင်းဒေသကြီးသည် ရေခံမြေခံ ကောင်းမွန်ပြီး နဂိုရှိရင်းစွဲ သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အတွက် အနာဂတ်မျှော်မှန်းချက်များစွာရှိသည့် ဒေသတစ်ခုဖြစ်၊ ပညာရေးကို အားပေးကြစေလိုပြီး စနစ်ကျနသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာရေးကို အားပေးဆောင်ရွက်ရမည်”**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီ ရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စစ်သားကောင်းပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီ ရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများအား သွားရောက် တွေ့ဆုံအမှာစကားပြောကြားသည်။

### အစဉ်အလာကောင်းတစ်ခု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်ပြီး စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ အစဉ်ထက်မြက်နေအောင် လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်မှုသည် တပ်မတော်၏ အစဉ်အလာကောင်းတစ်ခုပင်ဖြစ်သည့်အတွက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်

တပ်မတော်သားအားလုံးသည် မိမိတို့၏သဘောဆန္ဒအလျောက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်တွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ကိုချစ်သည့်စိတ်ဖြင့် မိမိကိုယ်ကို စစ်သားကောင်းတစ်ယောက်ပီသအောင် တည်ဆောက်ရမည်ဖြစ်ပြီး မိမိတပ်ဖွဲ့၊ မိမိတပ်ရင်း၊ မိမိတပ်မတော်နှင့် နိုင်ငံချစ်စိတ်များကို တည်ဆောက်ကြရန်လိုကြောင်း၊ တပ်မတော်သားများဖြစ်သည့်အတွက် မိမိအားတာဝန်ပေးအပ်လာပါက မည်သည့်နေရာဒေသဖြစ်စေ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စစ်သားကောင်းပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း။

- ❏ **တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်ပြီး စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ အစဉ်ထက်မြက်နေအောင် လေ့ကျင့်ဆောင်ရွက်နေကြရမည်**
- ❏ **စစ်စည်းကမ်းကောင်းမွန်မှုသည် တပ်မတော်၏ အစဉ်အလာကောင်း တစ်ခုပင်ဖြစ်သည့်အတွက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်**

### ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင်သုံးစွဲ

တပ်နေပျော်ရေးအတွက် သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်ပေးထားပြီး သက်ဆိုင်ရာ တပ်ဌာနချုပ်များအလိုက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း ပျော်ပါးစားသောက်မှုကို ထိန်းသိမ်းခြင်းအားဖြင့် မလိုအပ်သော ငွေဖြုန်းတီးမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင် သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တပ်ဌာနချုပ်မှ စီမံဆောင်ရွက်သည့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်ရသူများအနေဖြင့်လည်း မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်မိသားစုများ၏ ရပိုင်ခွင့်နှင့် သက်သာချောင်ချိရေးကို နည်းလမ်းတကျ မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ် ထားရှိရမည်ဖြစ်ကြောင်း၊ ထိုနည်းတူ လက်အောက်ငယ်သားများအနေဖြင့်လည်း ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာ၍ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့် နေထိုင်ကြရန်လိုကြောင်း၊ မိမိဘဝတက်လမ်းကို ထိခိုက်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးတို့ကို ရှောင်ကြဉ်ကြရန်လိုပြီး မိမိဝင်ငွေနှင့် ထွက်ငွေမျှတအောင် စည်းစနစ်ကျစွာဖြင့် သုံးစွဲကြရမည်ဖြစ်ကာ အသိတရား၊ သတိတရားလက်ကိုင်ထား၍ မိမိဘဝတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

### ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး

ပညာရည်သင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင် စာပေဖတ်ရှုရန်လိုအပ်သကဲ့သို့ မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း တပ်မတော်မှ ငွေကြေးများကုန်ကျခံ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရာဒေသများတွင် မိမိတို့၏ ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်မှသာ မိမိတို့၏ သားသမီးများအား ပညာအမွေများ ပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တပ်နှင့်ပြည်သူ တစ်သားတည်းရှိနေစေရန်အတွက် တပ်ပြင်စည်းရုံးရေး

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ ရေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီးတို့က လက်ခံရယူစဉ်။

- တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်
- တပ်နှင့်ပြည်သူ တစ်သားတည်းရှိနေစေရန်အတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများအား လက်တွေ့ကျကျဖြင့် ဆောင်ရွက်ကြရန်လို

*စာမျက်နှာ ၆ မှ*

လုပ်ငန်းများအား လက်တွေ့ကျကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**လက်ခံရယူ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ရေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီးတို့က လက်ခံရယူကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်ကြာကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၃

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

**သုံးရက်ကြာကျင်းပရန်စီစဉ်**

ရှေးဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ယခင်က ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်တည်းသာ ကျင်းပရန် လျာထားခဲ့သော်လည်း ယခုအခါ တစ်ရက် ထပ်မံတိုး၍ ဇန်နဝါရီ ၃၁ ရက်အထိ သုံးရက်ကြာကျင်းပရန် စီစဉ်ထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ၊ ဝန်ထမ်းမိသားစုများ လာရောက်လေ့လာနိုင်ရေး စီမံဆောင်ရွက်ထားပြီး ယခင်လျာထားသော ပြခန်းများအပြင် သိပ္ပံနှင့်နည်းပညာဆိုင်ရာပြခန်း၊ လေကြောင်းပညာရပ်ဆိုင်ရာပြခန်း၊ ရေကြောင်းပညာရပ်ဆိုင်ရာပြခန်း၊ ကျန်းမာရေးဆိုင်ရာ ပြခန်းများကိုလည်း တိုးချဲ့ထည့်သွင်းပြသရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုပွဲတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖေဖော်ဝါရီ ၁ ရက်တွင် ကျရောက်သည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အခမ်းနားဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားမည် ဖြစ်ရာ ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူးက ပွဲတော်ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအခြေအနေ၊ ပြခန်းများ / လှုပ်ရှားမှုများအတွက် နေရာချထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ခင်းကျင်းပြသမည့် ပြခန်းကို လူငယ်များအတွက် လွယ်လွယ်ကူကူ သိမြင်နိုင်စေရန်၊ ပျော်ရွှင်စေရန်၊ ပညာရပ်ဆိုင်ရာများ သိရှိစေရန်ရည်ရွယ်၍ ခင်းကျင်းပြသသွားမည်ဖြစ်ပါကြောင်း၊ လူငယ်နှင့် စာပေပွဲတော်သည် အနာဂတ်မျိုးဆက်လူငယ်များအား အသိပညာရရှိစေမည့် ပွဲတော်တစ်ခုဖြစ်သည့်အားလျော်စွာ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပွဲတော်သို့ လာရောက်သည့် ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ၊ ဝန်ထမ်းများအား မိမိတို့ဝန်ကြီးဌာနအနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်များ၏ လေ့ကျင့်နေမှုနှင့် အားကစားဆိုင်ရာ ပြခန်းကို ပါဝင်ပြသသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဦးရဲတင့်၊ ဗိုလ်မှူးချုပ်လူမွန်၊ ဦးဇော်ဝင်းနှင့် တက်ရောက်လာကြသူများက (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှထုတ်လုပ်သော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၅၀၀၀ လာရောက်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူလျက်ရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် Shenzhen ဗုဒ္ဓဘာသာအဖွဲ့ အတွင်းရေးမှူး၊ တောင်တရုတ်ပင်လယ် တရုတ်ဗုဒ္ဓဘာသာအဖွဲ့အစည်း ဒုတိယဥက္ကဋ္ဌ Hongfa ဘုန်းတော်ကြီးကျောင်း ဆရာတော် Venerable Master YinShun က လှူဒါန်းသော တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Sinopharm ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ၅၀၀၀ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီး၏ ဘုရားခန်း၌ ကျင်းပသည်။



Shenzhen ဗုဒ္ဓဘာသာအဖွဲ့ကိုယ်စား ဒေါ်ငွေငွေမော်နှင့် တရုတ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးအိုင်ထွန်းတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပေးအပ်လှူဒါန်းစဉ်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် အလှူရှင် Shenzhen ဗုဒ္ဓဘာသာအဖွဲ့ကိုယ်စား ဒေါ်ငွေငွေမော်နှင့် တရုတ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအိုင်ထွန်းတို့က လှူဒါန်းခြင်းအကြောင်းကို လျှောက်ထားကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်းက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် (Myanmar Chinese Chamber Of Commerce)နှင့် Fu Xing Brothers Group Of Companies ဥက္ကဋ္ဌ ဦးအိုင်ထွန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခင်ညွန့် မိသားစုတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးနှင့် တာဝန်ကျ ဒုတိယဥက္ကဋ္ဌနှစ်ပါး၊ တွဲဖက်အကျိုးတော်ဆောင်တစ်ပါး၊ အဖွဲ့ဝင်တစ်ပါးတို့ထံ အလှူငွေကျပ်သိန်း ၂၀၀ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းလောင်း အမျှပေးကြသည်။ **သတင်းစဉ်**

# ထားဝယ်မြို့နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေကျပ်သိန်း ၄၀ ကျော် ထုတ်ပေးထား

**နေပြည်တော် ဇန်နဝါရီ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဦးစီးဌာနများမှ တိုင်းတာဝန်ခံများ၊ ဝန်ထမ်းများ၊ သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သော တောင်သူများအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး၊ သမဝါယမစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးပြီး သင်တန်းအောင်မြင်ပြီးသူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက သမဝါယမအသင်းများဖွဲ့စည်းပေး၍ ငွေကြေးအရင်းအနှီး ထူထောင်ပေးကာ ဈေးကွက်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခေတ်မီစက်မှုလယ်ယာစနစ်နှင့် Contract Farming စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ရမည့် စီမံကိန်းများ၊ ကျေးလက်ကုန်ထုတ်လမ်း၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက် တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထားဝယ်မြို့နယ် မြို့သစ်(၄)လမ်းရှိ လုပ်ငန်းရှင် ဦးနိုင်နိုင်စိုး(ငံပြာရည်) လုပ်ငန်းကို ကျန်းမာရေးနှင့်ပိုမိုညီညွတ်စွာ ထုတ်လုပ်နိုင်ရေး နည်းပညာ အကြံပေး တိုးချဲ့ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမဦးစီးဌာနမှ ထားဝယ်မြို့နယ် ဇဟာကျေးရွာ



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငံပြာရည်ထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

တွင် ဆောင်ရွက်သည့် အောင်သပြေ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဝက်မွေးမြူရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထားဝယ်မြို့နယ် ဇဟာကျေးရွာ မြစိမ်းရောင်စီမံကိန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေးလုပ်ငန်းရှင် ၂၆ ဦးအတွက် ချေးငွေ ၁၂ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းရှင် ၃၀ အတွက် ချေးငွေ ၁၃ ဒသမ ၈ သန်း၊ အရောင်းအဝယ် ၁၁ ဦးအတွက် ၆ ဒသမ ၆သန်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်း ၁၇ ဦးအတွက် ၇ ဒသမ ၉ သန်း စုစုပေါင်းချေးယူသူ ၈၄ ဦးအတွက် ချေးငွေစုစုပေါင်း ၄၀ ဒသမ ၅ သန်း ထုတ်ချေးထားရှိသည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းထိန် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့်အဖွဲ့ဝင်များ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ရွှေညောင်-ထီးရိ(မွေးမြူရေးဇုန်)- လင်ကွင်း-ညိုမီး-လေးမိုင်ကွေ့လမ်း တိုးချဲ့မှု လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းများ ပြုလုပ်ဆောင်ရွက်ထားရှိရန်၊ ၁၂ ပေ အကျယ်မှ ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ဖြစ်သည့်အတွက် ယာဉ်အန္တရာယ်မဖြစ်စေရေး အဆိုပါလမ်းပေါ်ရှိ တံတားများ အဆင့်မြှင့်တင်တည်ဆောက်သွားရန်မှာကြားသည်။

အဆိုပါလမ်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ အေးသာယာ-ညောင်ရွှေလမ်းနှင့် တောင်ကြီး-ကျောက်တလုံး-ကက္ကူလမ်းတို့ကို ချိတ်ဆက်ထားသောလမ်းဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အေးသာယာ-ညောင်ရွှေ-မိုင်းသောက် - နမ့်ပန်- တုံဟုံး-ပင်လောင်းလမ်းကို လည်းကောင်း၊ အောင်ပန်း-ပင်မှီ-အင်းတိန်လမ်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည်ရွာတော်-မြက်ဆက်တောင်-မြက်ဆက်မြောက် - ဘော်နင်းရွာသစ်လမ်းသို့ ရောက်ရှိပြီး အရှည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဖောက်လုပ်သွားရန်နှင့် လမ်းဘေးရေနုတ်မြောင်း တူးဖော်ထားရှိရန် မှာကြားကာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် မိတ္ထီလာ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးနှင့် ဟဲဟိုး-ဘော်နင်းလမ်းအား ချိတ်ဆက်ထားသော လမ်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ၂၄ နာရီအချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ပိုး ပျံ့နှံ့လျက်ရှိပြီး မိမိတို့နိုင်ငံတွင်လည်း ပြည်ပမှ ပြန်လာသူများတွင် အိုမီခရွန်ပိုး စစ်ဆေးတွေ့ရှိနေပြီဖြစ်၍ ပြည်တွင်းကူးစက်ပြန့်ပွားမှုမရှိရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်နှင့် အထက် ထိုးနှံပြီးသူစုစုပေါင်း ၂၁ သန်း ကျော်ရှိပြီး ဦးစားပေးအုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှ ဝင်ရောက်လာသူများကို အသွားအလာကန့်သတ်ထားရှိသည့် ဟိုတယ်များနှင့် ကွာရန်တင်းစင်တာများအနေဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ကြိုးကြပ်သွားရမည်ဖြစ်ကြောင်း၊ ဆေးရုံများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ နောက်ထပ်လှိုင်း ဖြစ်ပွားလာပါက လူနာများ လက်ခံကုသနိုင်ရန် ဆေးရုံခုတင်များ၊ အထူးကြပ်မတ်ကုသဆောင်(ICU/HDU) ခုတင်များနှင့် အောက်ဆီဂျင်လိုအပ်ချက်များကို တိုးချဲ့၍ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီးရှိ ရောဂါကုသရေးဌာနများအား ကြည့်ရှုစစ်ဆေးစဉ်။


ကိုဗစ်-၁၉ ရောဂါ ကုသမှုအတွက် ပြင်ဆင်ဆောင်ရွက်သကဲ့သို့ ဆေးရုံ၏ ပုံမှန်ဆေးကုသရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုမျက်နှာကို ထောက်ရှု၍ အကောင်းဆုံး ဆောင်ရွက်စေလိုကြောင်း၊ ဆေးတက္ကသိုလ် ဘွဲ့လွန်သင်တန်းများနှင့် ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(ခ) သင်တန်းများလည်း ဖွင့်လှစ်လျက်ရှိပြီး ဖွင့်လှစ်ရန်ကျန်ရှိသည့် ဆေးတက္ကသိုလ်သင်တန်းများကိုလည်း အချိန်နှင့် တစ်ပြေးညီ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် လိုအပ်လျက်ရှိသည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန်းလှက သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိသည့် ဆေးရုံလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ပါမောက္ခ/ဌာနမှူးများက ဌာနတစ်ခုချင်းစီအလိုက် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးဝင်း အတွင်း အထူးကြပ်မတ်ကုသဆောင်(ICU) များတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများထားရှိနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ဌာနတွင် လူနာများကို ရောဂါရှာဖွေကုသနေမှုနှင့် အစာအိမ်နှင့် အူလမ်းကြောင်းကြည့် မှန်ပြောင်းများ ပိုးသန့်စင်မှုကိုလည်းကောင်း၊ ကျောက်ကပ်သွေးသန့်စင်ဌာနတွင် နာတာရှည်ကျောက်ကပ်ရောဂါ လူနာများကို ကျောက်ကပ်သွေးသန့်စင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အရေးပေါ် ကျောက်ကပ်သွေးသန့်စင်မှု ဆောင်ရွက်နိုင်မှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး စက်ပစ္စည်းများ မပျက်စီးစေရေး စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာစုစုပေါင်း ၁၉၉ ဦး တက်ရောက်ကုသလျက်ရှိပြီး နေ့စဉ် အရေးပေါ်နှင့် အထွေထွေပြင်ပလူနာ ၉၀ ကျော်နှင့် အထူးကုပြင်ပလူနာ ၉၀ ကျော်တို့ကို ကြည့်ရှုကုသပေးလျက်ရှိကာ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ၂၄ နာရီအချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၃**

အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – AP JG) ၏ မြန်မာနိုင်ငံ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering and Countering the Financing of Terrorism-AML/CFT)လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်ချက်များ ဆွေးနွေးခြင်းဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ယာပုံ)**

**ကိုယ်စားလှယ်များတက်ရောက်**

အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) နှင့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group-APG)အတွင်းရေးမှူးအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် AP JG အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် AP JG အဖွဲ့၏ Co chair ဖြစ်သူ အိန္ဒိယနိုင်ငံသား Mr. Yogpal Singh နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများကို ဆွေးနွေး ပြောကြားရာတွင် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် ယင်းအန္တရာယ်များကို နားလည်စေရေးအတွက် ကြီးကြပ်ရေး အာဏာပိုင်များနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်း၊ ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons) နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ရေးကော်မတီဖွဲ့စည်းခြင်း၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ရုံးထိုင်စစ်ဆေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးရေး အစီအစဉ်များပြုလုပ်ခြင်း၊ ပြည်ပငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများကို လိုင်စင်ထုတ်ပေးမှုနှင့် ကြီးကြပ်စစ်ဆေးရေး ဆောင်ရွက်ထားရှိမှု၊ တရားမဝင် ငွေလွှဲလုပ်ငန်းဆောင်ရွက်သူများကို အရေးယူဆောင်ရွက်မှု၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ငွေကြေးခဝါချမှုဆိုင်ရာပြစ်မှုများကို ဖော်ထုတ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအား စီမံခန့်ခွဲမှုကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ လူအများအပြား သေကျေစေသော လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အသိပညာပေးရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း(Mask) ခြောက်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် အမြဲတမ်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိ

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် အမြဲတမ်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် ညှိနှိုင်းမှုများကြောင့် မကြာမီအချိန်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများတိုးတက်ရရှိမည်ဟု မျှော်လင့်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် လုပ်ဆောင်ဖွယ်ရာများ လုပ်ဆောင်ပြီးပါက ရွေးကောက်ပွဲအသစ် ပြန်လည်ပြုလုပ်၍ အနိုင်ရရှိသည့် ပါတီအား အာဏာပြန်လည်လွှဲပြောင်းပေးရန်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃၀-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရောဝတီမြစ်(မရမ်းခြံ)မင်းကွန်းဆိပ်ကမ်းမှ ရွှေကြက်ကျဆိပ်ကမ်းအထိ မြစ်ကြောင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် ရေကြောင်းကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးသိန်းငွေ၊ ဦးမျိုးအောင်၊ ရဲမှူးချုပ် စိန်လွင်တို့နှင့်အတူ ရောဝတီမြစ်(မရမ်းခြံ) မင်းကွန်းဆိပ်ကမ်းသို့ ယနေ့ညနေပိုင်းက ရောက်ရှိပြီးနောက် မြို့တော်ဝန် ဦးကျော်ဆန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**



တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်းကွန်းဆိပ်ကမ်းကို မြစ်ကြောင်း ဥပဒေနှင့်အညီ ဆိပ်ကမ်းတိုးချဲ့ ဆောင်ရွက်နိုင်မှုရှိ မရှိ၊ ထိုသို့ တိုးချဲ့ရာတွင် မြစ်ကြောင်းထိခိုက်မှု၊ ရေယာဉ်များ သွားလာမှု အန္တရာယ်ရှိ မရှိတို့ကို မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်ပြီး အသေးစိတ် တွက်ချက်တင်ပြသွားရန်၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာဖြင့် သွားလာနိုင်ရန်အတွက် ဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးကို အလေးထားဆောင်ရွက်ရန်၊ ရေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ် အနည်းဆုံးဖြစ်သဖြင့် ကုန်တင်ရေယာဉ်များ အခက်အခဲမရှိ သွားလာနိုင်ရန် ရေလမ်းကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းကွန်းဆိပ်ကမ်းမှ အမရပူရမြို့နယ် ရွှေကြက်ကျ ဆိပ်ကမ်းအထိ ရောဝတီမြစ်ကြောင်းတစ်လျှောက် ရေယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆိပ်ကမ်းများသန့်ရှင်းသာယာလှပရေး၊ ကုန်တင်ရေယာဉ်ကြီးများ ကုန်တင်ကုန်ချ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ-တရုတ် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ချောမွေ့လျင်မြန်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဇန်နဝါရီ ၁၃

**ကချင်ပြည်နယ် ကန်ပိုက်တီဂိတ်မှတစ်ဆင့် မြန်မာ – တရုတ် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ပိုမိုချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မြန်မာ–တရုတ် ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။**

**သဘောတူညီချက်အတိုင်း ဆောင်ရွက်နိုင်ရေး**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာ–တရုတ် ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေး လုပ်ငန်းကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ခေတ္တရပ်နားထားခဲ့ရသည့် နယ်စပ်ကုန်စည်စီးဆင်းမှုလုပ်ငန်းများကို အားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကုန်စည်စီးဆင်းမှုများ ပြန်လည်စတင်နိုင်သော်လည်း ကုန်စည်စီးဆင်းသည့် နေရာတွင် နှစ်နိုင်ငံ ညှိနှိုင်းထားသည့် သဘောတူညီချက်အတိုင်း မျှမျှတတရှိစေရေးနှင့် လုပ်ငန်းများ ယခုထက် ပိုမိုချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အတွက် မိမိတို့အနေဖြင့် ရေရှည်ကာလအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခက်အခဲများကို ကြိုးပမ်းဖြေရှင်းနိုင်ရေး ကော်မတီအဖွဲ့ဝင်များအနေဖြင့် ပွင့်လင်းရင်းနှီးစွာ ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းမှာကြားသည်။

**သီးနှံများတင်ပို့ရာတွင် လိုအပ်ချက်များတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက မြန်မာ–တရုတ် ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်း၊ ပြည်နယ်သီးနှံထုတ်လုပ်သူများအသင်း၊ ပြည်နယ်ကုန်သည်ကြီးများအသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက နယ်စပ်ကုန်စည်ပို့ဆောင်/တင်သွင်းရေးကိစ္စရပ်များနှင့် ပတ်သက်၍ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအပေါ် ကိုဗစ်–၁၉ စစ်ဆေးဆောင်ရွက်မှုလုပ်ငန်းများ၊ ယာဉ်အဝင်/အထွက်အပေါ် ညှိနှိုင်းသဘောတူ ဆောင်ရွက်ထားရှိမှုများနှင့် သီးနှံများအချိန်မီတင်ပို့ရာတွင် တွေ့ကြုံရသည့် အခက်အခဲလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် နှစ်နိုင်ငံအရေးကိစ္စရပ်များဖြစ်သည့်အတွက် ကော်မတီအဖွဲ့ဝင်များနှင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အချင်းချင်းညှိနှိုင်းဆွေးနွေးပြီး



သဘောတူညီချက်အတိုင်း ဆောင်ရွက်သွားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၁၂ ရက်တွင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် ၄၀ နှစ်အထက် ကလပ်ပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

**ဆုများချီးမြှင့်ပေး**

ဗိုလ်လုပွဲတွင် Old Star ကလပ်အသင်းက ဝိုင်းမော်ကလပ်အသင်းအား နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် နေရာအလိုက် အကောင်းဆုံးကစားသမားဆုများကို ပြည်နယ်ဥပဒေချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ဝိုင်းမော်ကလပ်အသင်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကလည်းကောင်း၊ ပထမဆုရရှိသော Old Star ကလပ်အသင်းကို ပြည်နယ်သယံဇာတရေးရာဝန်ကြီးကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရေးသားပြုစုထုတ်ဝေသော “ကဗျာစပ်ချင် အတတ်သင်” စာအုပ် လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရေးသားပြုစုထုတ်ဝေသော “ကဗျာစပ်ချင် အတတ်သင်” စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးကိုကို “ကဗျာစပ်ချင် အတတ်သင်” စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မြန်မာကဗျာ (ဝါ) ဂန္ထဝင်ကဗျာကို ထိန်းသိမ်းစောင့်ရှောက်ရေးတွင် တစ်နိုင်ငံလုံးပျံ့နှံ့စေသော ကဗျာစပ်နည်းသင်ပေးခြင်းသည် အခြေခံကျသောနည်းဟု မြင်ပါကြောင်း၊ တစ်ပြိုင်နက်တည်းမှာပင် ကဗျာစပ်နည်းစာအုပ်များ၊ ကဗျာပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပွဲများ ရှိနေရမည် ဖြစ်ပါကြောင်း။

မြန်မာလူငယ်များ ကဗျာစပ်နည်းကိုသိ၍ နှစ်သက်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ ကဗျာ၏ အနှစ်သာရကို သိနားလည်စေရန် ရည်ရွယ်၍ ကဗျာစပ်နည်းစာအုပ်ထုတ်ဝေရခြင်း ဖြစ်ပါကြောင်း၊ ပထမအကြိမ် အုပ်ရေ ၃၅၀၀ ထုတ်ပြီးဖြစ်ပါကြောင်း၊ ယခု ဝန်ကြီးဌာနသုံးခုရှိ စာကြည့်တိုက်များကို လှူဒါန်းရန် အုပ်ရေ ၅၀၀ ထပ်မံပုံနှိပ်ခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပညာရေးဝန်ကြီးဌာနအတွက် “ကဗျာစပ်ချင် အတတ်သင်” စာအုပ် ၂၀၀ ကို ဒုတိယဝန်ကြီး ဦးဇော်ဝင်းထံသို့ လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအတွက် စာအုပ် ၅၀ ကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးထံသို့ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအတွက် စာအုပ် ၂၀၀ ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်းတိုးထံသို့ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနအတွက် စာအုပ် ၅၀ ကို ဒုတိယဝန်ကြီး ဦးထွန်းအုံ ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရုရှားသမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Spuntnik Light COVID-19 ကာကွယ်ဆေးများ လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

**ရုရှားသမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသော Spuntnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး လေးသိန်း Doses အား လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခန်းမဆောင်တွင်ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Dr. Nikolay Listopadov တို့ တက်ရောက်ကြသည်။**




အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးက ကာကွယ်ဆေးများအား ရုရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်ဆေးများ လှူဒါန်းရခြင်း ဖြစ်ပါကြောင်း၊ ရှေ့ဆက်၍ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးစွာဖြင့် ကပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအား ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်သူလူထုအနေဖြင့် လူမှုစီးပွားရေးလုပ်ငန်းများတွင် ထိခိုက်မှုများ ကြုံတွေ့ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ ကျန်းမာရေး ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများဖြင့် အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ နောက်ထပ် ပေါ်ပေါက်လာမည့် ကိုဗစ်လှိုင်းများအား ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယနေ့ ရုရှားနိုင်ငံမှ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် လှူဒါန်းသော Spuntnik Light ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေးတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် သမိုင်းဝင်အခမ်းအနားဖြစ်ပြီး ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို အနာဂတ် မျိုးဆက်သစ်များအနေဖြင့် သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားသမ္မတနိုင်ငံက လှူဒါန်းသည့် Spuntnik Light ကာကွယ်ဆေးများ လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာအား ပြည်ထောင်စုဝန်ကြီးက ရုရှားသမ္မတနိုင်ငံ သံအမတ်ကြီးထံပေးအပ်၍ အခမ်းအနားအား ရုပ်သိမ်းလိုက်သည်။ (ဝဲပုံ)

ဆက်လက်၍ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။ ရုရှားနိုင်ငံက ထုတ်လုပ်သည့် Spuntnik Light ကာကွယ်ဆေးများသည် လူတစ်ဦးလျှင် တစ်ကြိမ်သာ ထိုးနှံပေးရန် လိုအပ်ပြီး မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ပိုမိုလျင်မြန်စွာ လွှမ်းခြုံနိုင်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။ ရုရှားနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေး လေးသိန်း Doses သည် ယနေ့တွင် ရောက်ရှိပြီး ဝယ်ယူထားသည့် ကာကွယ်ဆေး ခြောက်သိန်း Doses သည် ဇန်နဝါရီ ၁၆ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးများ လွှဲပြောင်းလက်ခံသည့် အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




ရုရှားသမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသော Spuntnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး လေးသိန်း Doses အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများနှင့် တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားသည် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအတွင်း စခန်းချ အခြေပြုအကာအကွယ်ရယူ၍ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ရန် ပြင်ဆင်နေကြောင်း ဆူပူအကြမ်းဖက်မှုကို မလိုလားသည့် ကျေးရွာသားအချို့က ကျေးရွာအနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ် အကြောင်းကြားသတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁၀ နာရီခန့်တွင် အဆိုပါကျေးရွာသို့ သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့ အကာအကွယ်ရယူထားသော စာသင်ကျောင်းအတွင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် နေ့လယ် ၁၂ နာရီခန့်တွင် ကျေးရွာ၏ တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် စာသင်ကျောင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများသည် စာသင်ကျောင်းအတွင်း/အပြင်၌ ခြံစည်းရိုးပတ်လည် သဲအိတ်များ ကာရံခြင်း၊ မိုင်းများ ထောင်ထားခြင်း၊ သဲအိတ်ဘန်ကာများ တည်ဆောက်ခြင်း၊ အကြမ်းဖက် လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်းများ ပြုလုပ်၍ စာသင်ကျောင်းအား အခိုင်အမာစခန်း တည်ဆောက်ထားသည်ကို တွေ့ရှိရပြီး ၎င်းတို့ထံမှ တစ်တောင့်ထိုး သေနတ်တစ်လက်၊ တူမီးသေနတ် ခုနစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်စိန်ပြောင်း ဗုံးသီး ၂၀ လုံး၊ လက်လုပ်သံကိုယ်ထည်ဆွဲမိုင်း ခုနစ်လုံး၊ လေ့ကျင့်ရေးသေနတ် ၃၂ လက်၊ အကြမ်းဖက်လက်နက်များပြုလုပ်ရန် ပြင်ဆင်ထားသည့် တွင်ခုံ တစ်ခု၊ မော်တော်ဆိုင်ကယ် ခြောက်စီး၊ TNT ယမ်းများ၊ ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် သံတိုသံစများနှင့် သံပိုက်လုံးများ၊ ပြောက်ကျား ယူနီဖောင်းများနှင့် အသုံးအဆောင်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။




**ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။**

**အရေးယူဆောင်ရွက်သွားမည်**

အကြမ်းဖက်သမားများ အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ကျေးရွာများအတွင်း လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ကျောင်းသူ ကျောင်းသားများ ပညာ သင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများအား သိမ်းပိုက်၍ ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချအခြေပြု အကာအကွယ်ယူ တိုက်ခိုက်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

**ပူးပေါင်းပါဝင်**

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး၍ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**






ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးခဲ့မှု မှတ်တမ်း ဓာတ်ပုံများ။




ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံများ။

# ပြိုလဲနေသောခရီးသွားလုပ်ငန်းကို ပြန်လည်ရှင်သန်ရေး ကမ္ဘာလှည့်ခရီးသွားများဝင်ကြေးပေးရမည့် အစီအစဉ်တစ်ခုကို ထိုင်းစတင်

**ဘန်ကောက် ဇန်နဝါရီ ၁၃**

ပြိုလဲနေသောခရီးသွားလုပ်ငန်းကို ပြန်လည်ရှင်သန်ရန် ကြိုးစားသည့်အနေဖြင့် ထိုင်းနိုင်ငံသည် နိုင်ငံခြားသား ခရီးသည်များအတွက် ဝင်ကြေးပေးရသည့်အစီအစဉ်တစ်ခုကို စတင်လိုက်သည်။

အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၂ ရက်က ထိုင်းနိုင်ငံသည် ဧပြီလမှစပြီး နိုင်ငံခြားသားတစ်ဦးလျှင် ထိုင်းဘတ် ၃၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၉ ဒေါ်လာ ဝင်ကြေးကောက်ခံရန် စီစဉ်ထားကြောင်း ပြောကြားလိုက်သည်။

အဆိုပါ ရရှိလာသော ရန်ပုံငွေများကို ခရီးသွားအာမခံနှင့် နိုင်ငံခြားသားဆွဲဆောင်ရာနေရာများကို ပိုမိုတိုးတက်အောင်လုပ်ဆောင်ရာတွင် အသုံးပြုသွားမည်ဖြစ်သည်။ ယခုနှစ်တွင် နိုင်ငံခြားသား ၁၅ သန်းကို ဆွဲဆောင်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် အမေရိကန်ဒေါ်လာ အနည်းဆုံး ၂၄ ဘီလီယံရရှိရန် လျာထားကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားလိုက်သည်။



ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်အတွင်း နိုင်ငံတကာခရီးသွားများကို တွေ့ရစဉ်။

သို့သော်လည်း အဆိုပါအစီအစဉ်သည် တချို့ကမ္ဘာလှည့်ခရီးသွားများကို ဝန်ဆောင်မှုပေးနေသော အော်ပရေတာများအတွက် သင့်တော်သောအချိန်မဟုတ်သေးကြောင်း သိရသည်။ ထိုင်းခရီးသွားအေးဂျင့်အဖွဲ့က အဆိုပါဝင်ကြေးကောက်ခံမှုသည် ခရီးသွားယုံကြည်ချက်ကို နှောင့်နှေးမှုများဖြစ်ပေါ်စေမည်ဖြစ်ကြောင်းနှင့် ခရီးသွားများကို ဖယ်ကြဉ်စေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများအတွက် နိုဝင်ဘာလမှစကာ ကွာရန်တင်းပြဋ္ဌာန်းချက်ကို တဖြည်းဖြည်း ဖြေလျှော့ပေးလျက်ရှိသည်။ သို့သော်လည်း အိုမီခရွန်ဗိုင်းရပ်စ် လျင်မြန်စွာ ကူးစက်ပျံ့နှံ့မှုကို ရင်ဆိုင်ရန်အတွက် လိုအပ်ချက်များကို လွန်ခဲ့သောလက ပြန်လည်ပြဋ္ဌာန်းခဲ့သည်။

ဇန်နဝါရီ ၁၃ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူသစ် ၈၀၀၀ ကျော်ရှိလာကြောင်း အာဏာပိုင်များက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်အစိုးရက မြောက်ကိုရီးယားနိုင်ငံသားအချို့ကို အရေးယူမှုပြုလုပ်

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များတွင် ပါဝင်သည်ဆိုသည့် စွပ်စွဲချက်ဖြင့် အမေရိကန်အစိုးရက မြောက်ကိုရီးယားနိုင်ငံသား ခြောက်ဦးနှင့် ရုရှားတစ်ဦးကို အရေးယူပိတ်ဆို့မှု လုပ်ဆောင်ခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဌာနက လူပုဂ္ဂိုလ်ခုနစ်ဦးနှင့် မော်စကိုအခြေစိုက် ရုရှားကုမ္ပဏီတစ်ခုကို အရေးယူမှုများ လုပ်ဆောင်ခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက် ပြောကြားလိုက်သည်။ အဆိုပါ အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုတွင် ပိုင်ဆိုင်မှုများကို ပိတ်ပင်တားမြစ်ခြင်းများ ပါဝင်သည်။ အသံထက်မြန်သည့် ဒုံးကျည်ကို မြောက်ကိုရီးယားတို့က လွန်ခဲ့သည့် သီတင်းပတ်က နိုင်ငံမြောက်ပိုင်း ပြည်နယ်ဖြစ်သော ဂျာဂန်မှ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ မြောက်ကိုရီးယားက ဇန်နဝါရီ ၁၁ ရက်ကလည်း အသံထက်မြန်သည့် ဒုံးကျည်တစ်စင်းကို ပစ်လွှတ် စမ်းသပ်ခဲ့သေးကြောင်း ပြောသည်။ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းသည် အဆိုပါစမ်းသပ်မှုကို စောင့်ကြည့်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန် ဘဏ္ဍာရေးဌာနသည် မြောက်ကိုရီးယားကို ရှုတ်ချထားပြီး မြောက်ကိုရီးယားသည် ၂၀၂၁ ခုနှစ် စက်တင်ဘာမှ စတင်ကာ ဒုံးကျည်ခြောက်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ပစ်လွှတ်စမ်းသပ်မှုတစ်ခုချင်းစီသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို ချိုးဖောက်လျက်ရှိသည်ဟု ဆိုသည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင် အစိုးရသည် ဂျပန်နှင့် တောင်ကိုရီးယားတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများကို မြှင့်တင်လိုက်ပြီး မြောက်ကိုရီးယားကို နျူကလီးယားကင်းမဲ့အောင် နည်းလမ်းရှာ လုပ်ဆောင်လျက်ရှိသည်။

သို့သော်လည်း လတ်တလောတွင် ယင်းအခက်အခဲပြဿနာရပ်များကို ထိုးဖောက်ကျော်လွှားနိုင်မည့် အလားအလာမတွေ့ရှိသေးပေ။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံ တိုယာမာမြို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသည့်ကြားက ပြည်သူများ ခရီးသွားလာနေသည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံမြောက်ပိုင်း သောကြာနေ့အထိ နှင်းမုန်တိုင်းကျရောက်မည်

**တိုကျို ဇန်နဝါရီ ၁၃**

ဆောင်းရာသီမုန်တိုင်းသည် ဂျပန်နိုင်ငံမြောက်ပိုင်းမှ အနောက်ပိုင်းအထိ ဆီးနှင်းများကို ထူးကဲဆိုးရွားစွာ ကျဆင်းစေခဲ့သည်။

ဆီးနှင်းများသည် ညတွင်းချင်း လျင်မြန်စွာ စုပုံကျဆင်းလာခဲ့ပြီး ယာဉ်မောင်းများအတွက် အန္တရာယ်များသော အခြေအနေကို ဖန်တီးဖြစ်ပေါ်စေခဲ့သည်။

ဂျပန်မိုးလေဝသအေဂျင်စီက ဇန်နဝါရီ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီအထိ သုံးနာရီကြာအချိန်အတွင်း နာဂါနိုခရိုင်နှင့် နီအီဂါတာခရိုင်ရှိ တောင်ကုန်းထူထပ်သည့်နေရာများတွင် ဆီးနှင်းများသည် ၂၅ စင်တီမီတာဝန်းကျင်အထိ ဖုံးလွှမ်းကျဆင်းခဲ့ကြောင်း ပြောသည်။

သောကြာနေ့နှောင်းပိုင်းအထိ ၂၄ နာရီအချိန်အတွင်း နီအီဂါတာနှင့် ဂန်မာခရိုင်များတွင် ဆီးနှင်းများသည် ၈၀ စင်တီမီတာအထိ၊ ဟိုကူရီကူဒေသတွင် ၇၀ စင်တီမီတာအထိ၊ နာဂါနိုခရိုင်တွင် ၆၀ စင်တီမီတာအထိ၊ ဂီဖုခရိုင်နှင့် ကန်ဆိုင်းခရိုင်တို့တွင်လည်း ၆၀ စင်တီမီတာအထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

မိုးလေဝသအေဂျင်စီက ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ပြင်းထန်အေးစက်သည့် လေပြင်းများကျရောက်နိုင်ပြီး ယင်းလေပြင်းများသည် နှင်းမုန်တိုင်းအသွင်ဖန်တီးဖြစ်ပေါ်စေမည်ဖြစ်ကာ ယာဉ်မောင်း၍လုံးဝရမည်မဟုတ်ကြောင်း သတိပေးထားသည်။

ဒေသခံများကိုလည်း ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို သတိဖြင့်နေထိုင်သွားလာကြရန် အဆိုပါအေဂျင်စီက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်ပစ်လွှတ်နေသည်ကို တွေ့ရစဉ်။

# ကမ္ဘောဒီးယား၏ နာမည်ကျော်မိုင်းရှာကြွက်သူရဲကောင်း သေဆုံး

**ဖနောင်ပင် ဇန်နဝါရီ ၁၃**

ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော် မြေမြှုပ်မိုင်းရှာ ကြွက်သူရဲကောင်း မာဂါဝါ သေဆုံးခဲ့ပြီဖြစ်သည်။ သေးငယ်သည့် မိုင်းရှာသူရဲကောင်းသည် မိုင်းတွင်းများရှိရာတွင် နေထိုင်ပျော်ရွှင်ရင်း မြေမြှုပ်မိုင်း ၁၀၀ ကျော်နှင့် တခြားပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို တာဝန်ထမ်းဆောင်ချိန်ငါးနှစ်အတွင်း အနံ့ခံရှာဖွေပေးနိုင်ခဲ့သည်။

မာဂါဝါသည် အာဖရိကကြွက်ကြီးမျိုးဖြစ်ပြီး တန်ဇန်းနီးယားမှ ဖြစ်သည်။ ကြွက်များနှင့် ခွေးများကို မြေမြှုပ်မိုင်းအနံ့ခံနိုင်ရန် လေ့ကျင့်ပေးသော နိုင်ငံတကာ ကိုယ်ကျိုးစီးပွားမဖက်အဖွဲ့က ၎င်းကို ကမ္ဘောဒီးယားတွင် တာဝန်ချထားခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားမြေသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းအများဆုံး မြှုပ်နှံထားသည့်နေရာဖြစ်သည်။ ကြွက်လေ့ကျင့်ရေးအဖွဲ့ကမာဂါဝါ၏ အားထုတ်ကြိုးပမ်းမှုများက ပြည်သူများကို ဘေးကင်းစိတ်ချစေမည် ဖြစ်ကြောင်း ပြောခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် မာဂါဝါကို အနားမပေးမီ ၎င်း၏ စွမ်းရည်သတ္တိကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်သိက္ခာအကြီးမားဆုံးတိရစ္ဆာန်ဆု ချီးမြှင့်ခဲ့သည်။ မာဂါဝါသေဆုံးသည့်အချိန်တွင် အသက် ရှစ်နှစ်ရှိပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၂၆၈၈၉၀ ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၇၉၃ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၂၆၈၈၉၀ ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ငါးဦးထပ်မံတိုးလာပြီးနောက် စုစုပေါင်း သေဆုံးသူ ၁၄၄၁၅၅ ဦးအထိ ရှိလာခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

ထို့အပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ သက်သာပျောက်ကင်းလာပြီး ဆေးရုံမှဆင်းလာသူ ၃၈၅ ဦး တိုးလာခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၄၁၁၇၃၄၇ ဦးရှိလာပြီဖြစ်သည်။ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အင်ဒိုနီးရှားအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

# အိုမီခရွန်ကြောင့် ကမ္ဘာ့စီးပွားရေး ထိခိုက်စေသကဲ့သို့ ဝန်ထမ်းအင်အားပြတ်လပ်မှုများ ဖြစ်ပေါ်လာ

*နှင်းမိုးအိမ်*



ဖလော်ရီဒါ၌ လူနာတစ်ဦးကို ဆေးရုံသို့ သယ်ဆောင်လာသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ယခုနှစ်တွင် အရှိန်လျော့သွားမည်ဟု ခန့်မှန်းထားသော်လည်း တစ်ကမ္ဘာလုံးအနှံ့ အိုမီခရွန်ကူးစက်မှုမှာ လျင်လျင်မြန်မြန် ပျံ့နှံ့လာနေရာ အခြေအနေမှာ ပို၍ဆိုးရွားလာနိုင်သည်ဟုလည်း ကမ္ဘာ့ဘဏ်က ဇန်နဝါရီ ၁၁ ရက်တွင် သတိပေးခဲ့သည်။ အိုမီခရွန်ကူးစက်မှုကြောင့် စီးပွားရေးလုပ်ငန်းများ လဲပြိုရန် ဖိအားဖြစ်လာရပြီး စီးပွားရေးပြန်လည်နာလန်ထူမှုအပေါ်တွင်လည်း ခြိမ်းခြောက်မှုဖြစ်လာသည်။

### ဝန်ထမ်းအင်အားပြတ်လပ်

နဂိုကတည်းကမှ လုပ်သားအင်အား နည်းပါးနေရသည့်ကြားတွင် အိုမီခရွန်ကြောင့် ဝန်ထမ်းအင်အားပြတ်လပ်မှုအထိ ဖြစ်ပေါ်ခဲ့ရသည်။ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် လေကြောင်းလိုင်းများမှာ လွန်ခဲ့သည့် နှစ်နှစ်ကတည်းက အခြေအနေဆိုးရွားခဲ့ရသည့် လုပ်ငန်းများဖြစ်ပြီး ယခုအိုမီခရွန်ကူးစက်မှုများကြောင့် စားသောက်ဆိုင်များနှင့် ဟိုတယ်များတွင် ယခင်လို အချိန်ကုန်ဆုံးရန် မဖြစ်နိုင်တော့ပေ။

### ဝန်ဆောင်မှုများလျှော့ချ

ပြီးခဲ့သည့်နှစ် တောင်အာဖရိကတွင် အိုမီခရွန်ကူးစက်မှုစတင်ပေါ်ပေါက်လာသည့် အချိန်မှစတင်ကာ နိုင်ငံအချို့ရှိ စီးပွားရေးလုပ်ငန်းများတွင် ကန့်သတ်မှုများ ပြန်လည်လုပ်ဆောင်လာရသည်။ အမေရိကန်ပြည်ထောင်စုတွင်လည်း ဇန်နဝါရီလ ပထမပတ်အတွင်း ထောင်နှင့်ချီသည့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ ဝန်ထမ်းအင်အားပြတ်လပ်မှုကြောင့် နယူးယောက်နှင့်ဝါရှင်တန်တို့ရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ဝန်ဆာင်မှုများ လျှော့ချခဲ့ရသည်။

### ရုန်းကန်နေရ

အိုမီခရွန်ကြောင့် ဆုံးရှုံးနစ်နာရမှုများကြောင့် စီးပွားရေး ပြန်လည်နာလန်ထူရန် ခန့်မှန်းမရဖြစ်နေခဲ့ရသည်။ ဖျားနာသည့် အလုပ်သမားအင်အား များပြားလာပြီး အမေရိကန်ငါးသန်းနီးပါးမှာ အသွားအလာကန့်သတ်ခံထားရသည်ဟု ဖော်ပြထားရာ လုံလောက်သည့် အလုပ်သမားအင်အားရရှိရန် ရုန်းကန်နေရသည်။

### ခြောက်ဆပိုမိုများပြားလာ

အမေရိကန်တွင် အိုမီခရွန်ကူးစက်မှုမှာ လွှမ်းမိုးနိုင်သည့် ဗိုင်းရပ်စ်ဖြစ်လာသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလ တတိယပတ်နှင့် နှိုင်းယှဉ်လျှင် ဒီဇင်ဘာလနောက်ဆုံးပတ်၌ ကူးစက်မှုမှာ ခြောက်ဆပို၍ များပြားလာသည်ဟုလည်း သိရသည်။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းအားလပ်ရက်ကာလတွင် ဝန်ထမ်းအင်အား ပြတ်လပ်မှုနှင့် ကြုံတွေ့လာနိုင်သည်ဟု အာဏာပိုင်များနှင့် ကျွမ်းကျင်သူများက သတိပေးမှုများ ပြုလုပ်ခဲ့သည်။ အိုမီခရွန်မှာ ကူးစက်မှုအလွန်လျင်မြန်သည့်အတွက် အလုပ်သမားအင်အားကို ထိခိုက်လာမည်ကို စိုးရိမ်ရကြောင်း ဆေးဘက်ဆိုင်ရာအကြီးအကဲဖြစ်သူ မာကက်စ်ပလေစီယာက ပြောသည်။

### သူနာပြုအင်အားပြတ်လပ်

တောမီးကဲ့သို့ လျင်လျင်မြန်မြန် ပျံ့နှံ့လာသည့်အတွက် ဆေးရုံများတွင်လည်း ဝန်နှင့်အားမမျှအောင် ဖြစ်လာရသည်။ အမေရိကန်သူနာပြုအဖွဲ့အစည်းကလည်း သူနာပြုအင်အားပြတ်လပ်နေခြင်းကို အမျိုးသားအကျပ်အတည်းအဖြစ် ကြေညာရန် အမေရိကန်အာဏာပိုင်များကို တိုက်တွန်းခဲ့သည်။ သူနာပြုဝန်ထမ်းအင်အားပြတ်လပ်မှုကြောင့် လူနာများကို ပြုစုစောင့်ရှောက်ရာတွင် ထိခိုက်မှုရှိလာမည်ကိုစိုးရိမ်ကြောင်း အမေရိကန်သမားတော်ကောလိပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

### ဆက်လက်ပေါ်ပေါက်

ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှလုပ်ဆောင်နေရသည့် ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံထားရခြင်း သို့မဟုတ် ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့မိခြင်းတို့ကြောင့် အသွားအလာ ကန့်သတ်ခံထားရခြင်းတို့ကြောင့် ဝန်ထမ်းအင်အား ပြတ်တောက်မှုများ ဆက်လက်ပေါ်ပေါက်နေရသည်။

ခရစ္စမတ်ကာလအတွင်းကလည်း အမေရိကန်တွင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၌ ဝန်ထမ်းအင်အားပြတ်တောက်မှုများကြောင့် လေယာဉ်ခရီးစဉ် ဖျက်သိမ်းရမှုဖြစ်ပေါ်ပေါက်ခဲ့ရသည်။

### အဟန့်အတားဖြစ်လာနိုင်

ဥရောပတွင်လည်း အိုမီခရွန်ကူးစက်မှုများကြောင့် လူဦးရေထက်ဝက်နီးပါးမှာ မတ်လအတွင်း အသွားအလာစောင့်ကြည့်ကန့်သတ်မှုများနှင့် ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ကမ္ဘာ့ဘဏ်ကလည်း တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး နာလန်ထူမှုမှာ ကူးစက်မြန်သည့် ဗိုင်းရပ်စ်ကြောင့် အဟန့်အတားဖြစ်လာနိုင်သည်ဟု သတိပေးခဲ့သည်။ ကူးစက်မှုအလွန်လျင်မြန်သည့်အတွက် နိုင်ငံအတော်များများတွင် ပျံ့နှံ့လာပြီဖြစ်ရာ အချို့သောနိုင်ငံများတွင် အသွားလာကန့်သတ်မှုများနှင့် ကာကွယ်ဆေးများ တတိယအကြိမ် ထိုးနှံပေးရန် ကြိုးပမ်းလာကြသည်။

### နည်းလမ်းကောင်းမဟုတ်

သို့သော်လည်း မူလကိုဗစ် -၁၉ ကိုကာကွယ်ရန်အတွက် ထုတ်လုပ်ထားသည့် ကာကွယ်ဆေးများကို ထပ်ခါထပ်ခါ ထိုးပေးခြင်းသည် ဗီဇပြောင်းများပေါ်ပေါက်လာမှုကို ကာကွယ်ပေးရန် နည်းလမ်းကောင်းမဟုတ်ဘဲ ကူးစက်မှုကို အကာအကွယ်ပေးနိုင်မည့် ကာကွယ်ဆေးအသစ် ထုတ်လုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တောင်းဆိုခဲ့သည်။ ကာကွယ်ဆေးကို ထပ်ခါထပ်ခါထိုးနေခြင်းသည် သင့်လျော်သည့် နည်းလမ်းမဟုတ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြံပေးအုပ်စုကပြောသည်။ ပြီးခဲ့သည့် တစ်ပတ်တာအတွင်း နောက်ထပ် ကူးစက်မှု ရှစ်သန်းတွေ့လာရချိန် ဥရောပတွင်လည်း ကူးစက်မှုများ ပြန်လည်များပြားလာလျက်ရှိသည်။

### ဇဟိုချက်မ နေရာဖြစ်လာနိုင်

ဥရောပသည်ကူးစက်မှု၏ ဗဟိုချက်မ နေရာပြန်လည်ဖြစ်လာနိုင်ပြီး လက်ရှိနှုန်းထားအတိုင်းသာ ဆက်သွားပါက ဥရောပရှိ လူဦးရေထက်ဝက်နီးပါးမှာ အိုမီခရွန်ကူးစက်ခံရဖွယ်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားသည်။ လာမည့်ခြောက်ပတ်မှ ရှစ်ပတ်အတွင်း ဥရောပရှိ လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်မှာ အိုမီခရွန်ကူးစက်နိုင်သည်ဟု ကျန်းမာရေးတိုင်းတာမှုနှင့် အကဲဖြတ်မှုအင်စတီကျု့မှ ခန့်မှန်းထားကြောင်း သိရသည်။

### သတိပေးထား

အိုမီခရွန်ကူးစက်မှုများကြောင့် အလုပ်သမားအင်အားပြတ်တောက်မှုများနှင့် ကုန်ပစ္စည်းထောက်ပံ့မှုများ ပြတ်တောက်မှု ပိုမိုဆိုးရွားလာမည်ဟု သတိပေးထားသည်။

စီးပွားရေးခန့်မှန်းချက်နှင့် ပတ်သက်၍လည်း နောက်ဆုံးထုတ်ပြန်ထားသည့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအလားအလာ အစီရင်ခံစာအရ ယခုနှစ်အတွက် ကမ္ဘာ့စီးပွားရေး တိုးတက်မှုမှာ ၄ ဒသမ ၁ ရာခိုင်နှုန်းသာရှိမည်ဟု ဝါရှင်တန်အခြေစိုက်ဖွံ့ဖြိုးရေး ချေးငွေအဖွဲ့အစည်းက ပြောသည်။ ယခင်နှစ်ကမူ ကမ္ဘာ့စီးပွားရေး တိုးတက်မှုမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။

လွန်ခဲ့သောနှစ်နှင့် ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းမှုမှာ ဇွန်လအတွင်းက ခန့်မှန်းထားသည်ထက် ဝ ဒသမ၂ ရာခိုင်နှုန်း နိမ့်ကျခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်ကာ ကပ်ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ၅ ဒသမ ၅ သန်းနီးပါး ရှိလာပြီဖြစ်သည်။ ။

ကိုးကား - ဝါရှင်တန်ပို့စ်၊ သည်ဂါးဒီးယန်း

- ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှလုပ်ဆောင်နေရသည့် ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံထားရခြင်း သို့မဟုတ် ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့မိခြင်းတို့ကြောင့် အသွားအလာ ကန့်သတ်ခံထားရခြင်းတို့ကြောင့် ဝန်ထမ်းအင်အား ပြတ်တောက်မှုများ ဆက်လက်ပေါ်ပေါက်နေ
- ဥရောပတွင်လည်း အိုမီခရွန်ကူးစက်မှုများကြောင့် လူဦးရေထက်ဝက်နီးပါးမှာ မတ်လအတွင်း အသွားအလာစောင့်ကြည့်ကန့်သတ်မှုများနှင့် ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ကပြောသည်

# ဇန်နဝါရီ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၂ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၉၈ ဦး ရှိ

(၁၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၂) ဦးတွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၇၅,၅၀၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၂,၇၂၅) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၀,၈၈၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိ**သဖြင့် **ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၉၈) ဦး ရှိ**ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၄၆) ခု | (၄၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၉) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၀) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၆၈) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၄) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၀၆၆) ခု | (၁၀၆) ဦး |
| စုစုပေါင်း | (၁၀,၈၂၃) ခု | (၁၇၂) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာ ကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၃-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၄၃၅၉၄၀၉ | ၄၂၈၀၅၀၉၀ | ၈၆၆၈၉၁ |
| ၂။ | အိန္ဒိယ | ၃၆၃၁၇၉၂၇ | ၃၄၇၁၅၃၆၁ | ၄၈၅၀၃၆ |
| ၃။ | ဘရာဇီး | ၂၂၇၁၈၆၀၆ | ၂၁၆၂၆၈၃၆ | ၆၂၀၈၂၁ |
| ၄။ | ပြင်သစ် | ၁၄၈၆၂၁၃၈ | ၁၁၀၃၇၇၈၀ | ၁၅၁၀၀၇ |
| ၅။ | ပြင်သစ် | ၁၂၉၃၄၉၈၂ | ၈၈၅၇၄၅၅ | ၁၂၆၃၀၅ |
| ၆။ | ရုရှား | ၁၀၇၂၃၃၀၅ | ၉၇၈၄၃၄၈ | ၃၁၉၁၇၂ |
| ၇။ | တူရကီ | ၁၀၁၉၅၆၇၆ | ၉၄၃၆၆၆၂ | ၈၄၁၂၅ |
| ၈။ | အီတလီ | ၇၉၇၁၀၆၈ | ၅၆၀၉၁၃၆ | ၁၃၉၈၇၂ |
| ၉။ | စပိန် | ၇၇၇၁၃၆၇ | ၅၂၁၆၄၀၈ | ၉၀၅၀၈ |
| ၁၀။ | ဂျာမနီ | ၇၇၁၁၉၉၅ | ၆၈၇၈၁၀၀ | ၁၁၅၆၀၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၃- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၈၈၉၀ | ၄၁၁၇၃၄၇ | ၁၄၄၁၅၅ |
| ဖိလစ်ပိုင် | ၃၀၉၂၄၀၉ | ၂၈၀၂၂၈၆ | ၅၂၇၃၆ |
| မလေးရှား | ၂၇၉၅၂၃၃ | ၂၇၂၃၅၉၉ | ၃၁၇၃၈ |
| ထိုင်း | ၂၃၀၀၄၅၇ | ၂၂၀၇၉၈၀ | ၂၁၈၈၆ |
| ဗီယက်နမ် | ၁၉၅၈၇၁၉ | ၁၆၃၅၈၉၉ | ၃၄၉၆၄ |
| မြန်မာ | ၅၃၂၇၂၅ | ၅၁၀၈၈၃ | ၁၉၂၉၈ |
| စင်ကာပူ | ၂၈၈၁၂၅ | ၂၈၀၅၅၉ | ၈၃၉ |
| လာအို | ၁၂၂၄၁ | ၁၁၄၆၆ | ၄၇၁ |
| ကမ္ဘောဒီးယား | ၁၂၀၇၁၈ | ၁၁၇၀၅၇ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၇၅၀ | ၁၅၃၈၁ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် Blue Diamond လမ်းကြားရှိ “ရွှေလွယ်အင်း” ကုမ္ပဏီ (ငွေအပ်နှံ/ထုတ်ပေးဌာန) လုယက်ခံရမှုမှ ကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ ၇၃ လမ်းနှင့် Blue Diamond လမ်းကြား၊ မင်္ဂလာမန္တလေးအိမ်ရာဝင်း၊ တိုက် (၃)၊ အခန်း (၃) မြေညီထပ်ရှိ ရွှေလွယ်အင်း (ငွေအပ်နှံ/ထုတ်ပေး) ကုမ္ပဏီသို့ Mask တပ်ဆင်လျက် လက်နက်ကိုင်ဆောင်ထားသည့် လူလေးဦး ဝင်ရောက်လာကာ ဝန်ထမ်းများအား ခြိမ်းခြောက်၍ ကုမ္ပဏီရှိ ငွေကျပ်သိန်း ၃၀၀၀ ခန့်အား လုယူကာ MDY/xxxx နံပါတ်ပါ ESTIMA အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက အချိန်နှင့်တစ်ပြေးညီ စုံစမ်းပိတ်ဆို့ ရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၊ (၁၁၁) လမ်း၊ ၇၄ နှင့် ၇၅ လမ်းကြား၊ က-၇၊ အုန်းအင်းကျူးလမ်းအတွင်းရှိ ကန္တာရခြံများကြား၌ ပြစ်မှုကျူးလွန်သူများ ရပ်ထားခဲ့သော MDY/9C-4145 နံပါတ်ပါ



သက်ပိုင်စိုး



သန့်ဇင်



မျိုးကိုကိုဝင်း (ခ) ကုလား



သန်းဇော်ထွန်း(ခ)လင်းလင်းကို



ဇင်မျိုးဦး

ESTIMA အမျိုးအစား အဖြူရောင်ယာဉ်နှင့် ၎င်းယာဉ်ပေါ်၌ ကျပ်သိန်း ၃၀၀ ထည့်ထားသော ဆာလာအိတ်ဖြူ တစ်အိတ်၊ သေနတ်အတု အရှည် သုံးလက်၊ အတို နှစ်လက်၊ ပြောက်ကျားအနက်ရောင် ကျည်ကာအင်္ကျီ ငါးထည်၊ နိုင်ငံတော်တံဆိပ်တပ်ဆင်ထားသောဦးထုပ်လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်း ရမိသော မော်တော်ယာဉ်ကို စိစစ်ခဲ့ရာ လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး အဆိုပါယာဉ်ကို မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ သက်ပိုင်စိုး ဆိုသူ ပိုင်ဆိုင်ကြောင်း စုံစမ်းသိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၁ ရက်တွင် သက်ပိုင်စိုး (၂၈) နှစ်ကို ငွေကျပ်သိန်း ၇၆၀၊ မော်တော်ယာဉ် နှစ်စီး၊ မော်တော်ဆိုင်ကယ် တစ်စီးတို့နှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်၊ တက်မရေနံမှော်၊ လုပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံ သက်ပိုင်စိုး ၏ ထွက်ဆိုချက်အရ “ရွှေလွယ်အင်း” ကုမ္ပဏီ (ငွေအပ်နှံ/ထုတ်ပေးဌာန) အား လုယက်မှုကို ၎င်းကဦးဆောင်၍ သန့်ဇင်၊ မျိုးကိုကိုဝင်း (ခ) ကုလား၊ သန်းဇော်ထွန်း (ခ) လင်းလင်းကို နှင့် ဇင်မျိုးဦး (ခ) သားကြီး တို့အပါအဝင် ငါးဦးက ပူးပေါင်း ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးအတွက် တရားခံများ တိမ်းရှောင်လျက်ရှိသည့် ဒေသအသီးသီးမှ လုံခြုံရေးတပ်ဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် သန့်ဇင် (၂၈) နှစ် (ဘ) ဦးခင်ဇော်ကို မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ရွှေဒုံးရပ်ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ မျိုးကိုကိုဝင်း (ခ) ကုလား (၁၉) နှစ် (ဘ) ဦးဝင်းမြင့်အား ငွေကျပ် ၄၅ သိန်းဖြင့် ဝယ်ယူထားသော မြေကွက် ၂ ကွက်၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ စစ်ကိုင်းမြို့၊ အထက်တကောင်းရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် သန်းဇော်ထွန်း (ခ) လင်းလင်းကို (၃၂)နှစ် (ဘ) ဦးဘိုဖြူ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာ၊ ကျောင်းစုရပ်နေသူအား ငွေကျပ်သိန်း ၁၀၀ နှင့်အတူ မွန်ပြည်နယ်၊ သထုံမြို့၌လည်းကောင်း၊ ဇင်မျိုးဦး (၃၂) နှစ် (ဘ) ဦးမြင့်တင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မရမ်းခုံကျေးရွာနေသူအား ငွေကျပ် ၁၄ သိန်း၊ မော်တော်ယာဉ် တစ်စီး၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် မော်တော်ဆိုင်ကယ် တစ်စီးတို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ပျဉ်းပင်ကျေးရွာ၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ငါးဦးနှင့်အတူ ချမ်းမြသာစည်မြို့နယ်၊ (၁၁၁) လမ်း၊ ၇၄ နှင့် ၇၅ လမ်းကြား၊ က-၇၊ အုန်းအင်းကျူးလမ်းအတွင်း၌ ရပ်ထားခဲ့သည့် ယာဉ်ပေါ်မှ တွေ့ရှိငွေကျပ်သိန်း ၃၀၀၊ တရားခံများထံမှ ပြန်လည်သိမ်းဆည်းရမိ ငွေကျပ် ၈၇၄ သိန်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၅၄၀ ခန့်၊ ဆိုင်ကယ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ခုနစ်သိန်းခန့်နှင့် ၎င်းတို့ ဝယ်ယူထားသည့် မြေနှင့်အခြားပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၆၀ ခန့် စုစုပေါင်းငွေကျပ် ၁၇၈၁ သိန်းခန့်အား ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရန်အတွက် သက်ပိုင်စိုး (ခ) စည်သူက ဦးဆောင်ကာ ဇင်မျိုးဦး (ခ) သားကြီး၊ သန်းဇော်ထွန်း (ခ) လင်းလင်းကို၊ သန့်ဇင် နှင့် မျိုးကိုကိုဝင်း (ခ) ကုလား တို့သည် စစ်ကိုင်းမြို့၊ မန္တလေးမြို့တို့၌ တွေ့ဆုံ၍ လုယက်ရာ၌ အသုံးပြုမည့် လိုင်စင်မဲ့မော်တော်ယာဉ်ဝယ်ယူခြင်း၊ လုံခြုံရေး တပ်ဖွဲ့သုံးပစ္စည်းများနှင့် သေနတ်အတုတို့အား ဝယ်ယူခြင်း၊ လုယက်မည့် “ရွှေလွယ်အင်း” ကုမ္ပဏီအနီး နေရာပတ်ဝန်းကျင်အား လေ့လာစောင့်ကြည့်ခြင်းတို့ကို ကြိုတင်ပြင်ဆင်ခဲ့ပြီးမှသာ လုယက်မှုကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်ကို ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းတွင် MDY/9C-4145 ESTIMA အမျိုးအစားအဖြူရောင်ယာဉ်အား သန်းဇော်ထွန်း မောင်းနှင်၍ သက်ပိုင်စိုး (ခ) စည်သူ၊ သန့်ဇင်၊ မျိုးကိုကိုဝင်း (ခ) ကုလားနှင့် ဇင်မျိုးဦး (ခ) သားကြီးတို့ လေးဦးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအသွင် ဝတ်ဆင်၍ စီးနင်းလိုက်ပါလာခဲ့ကြောင်း၊ လုယက်မည့်နေရာရောက်ရှိချိန်၌ သက်ပိုင်စိုး (ခ) စည်သူ၊ ဇင်မျိုးဦး (ခ) သားကြီး၊ မျိုးကိုကိုဝင်း (ခ) ကုလားနှင့် သန့်ဇင်တို့ လေးဦးသည် ကုမ္ပဏီအတွင်း ဝင်ရောက်လုယက်ခဲ့ကြပြီး ရရှိလာသည့် ငွေများအား ဆာလာအိတ်များ အတွင်း ထည့်သွင်း၍ မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်ကာမောင်းနှင်ခဲ့ကြကြောင်းနှင့် ချမ်းမြသာစည်မြို့နယ်၊ (၁၁၁) လမ်း၊ ၇၄ နှင့် ၇၅ လမ်းကြား၊ က-၇၊ အုန်းအင်းကျူးလမ်းအတွင်းရှိ ကန္တာရခြံများကြားအရောက်တွင် ကားအား ရပ်တန့်ထားခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံများအနေဖြင့် ပြည်သူလူထု၏ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အကြမ်းဖက်ဖောက်ခွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကြောင့် ဖြစ်ပေါ်နေသော စိုးရိမ်ထိတ်လန့်မှုအပေါ် အခွင့်အရေးအဖြစ် အသုံးချကာ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာနှင့် ငွေကြေး လိုအပ်ချက်များအရ လုယက်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ လုယက်မှုကျူးလွန်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝတ်ဆင်အသုံးပြုသည့် ကျည်ကာအင်္ကျီ၊ ဦးထုပ်၊ နံပါတ်တုတ်၊ သေနတ်အတုနှင့် စကားပြောစက်အတုများ ကိုင်ဆောင်အသုံးပြု၍ လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် အသွင်ယူကာ လုယက်မှုအား ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းချိတ်ဆက်ဖော်ထုတ်မှုနှင့် ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုများ ကြောင့် “ရွှေလွယ်အင်း” ကုမ္ပဏီ လုယက်မှုကျူးလွန်ခဲ့သူများကို ကျူးလွန်ရာတွင်အသုံးပြုခဲ့သောသက်သေခံပစ္စည်းများ၊ ကျူးလွန်ရာမှ ရရှိသည့် ငွေကြေးများ၊ ဝယ်ယူထားသည့် ယာဉ်၊ မြေ၊ အခြားပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ချမ်းမြသာစည်မြို့နယ် (၁၁၁) လမ်း၊ ၇၄ နှင့် ၇၅ လမ်းကြား က-၇ အုန်းအင်းကျူးလမ်းအတွင်း၌ ပြစ်မှုကျူးလွန်သူများ ရပ်ထားခဲ့သော ESTIMA လိုင်စင်မဲ့ယာဉ်အတွင်းမှ သိမ်းဆည်းရမိသည့် ငွေနှင့် လုံခြုံရေး အသုံးအဆောင်ပစ္စည်းများ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ ရွှေလွယ်အင်းကုမ္ပဏီ လုယက်ခံရမှု မှတ်တမ်းဓာတ်ပုံ။



တရားခံ သက်ပိုင်စိုးထံမှ သိမ်းဆည်းရမိသည့် ငွေစက္ကူနှင့် မော်တော်ယာဉ်များ၏ မှတ်တမ်းဓာတ်ပုံ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း၌ စစ်သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ (၂/၆) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ စိုက်ခင်း (ကျူး) ရပ်ကွက်နေ ဝေယံထွန်း (ခ) ဝင်းရိုး (ဘ) ဦးကြည်ရွှင် အပါအဝင် သုံးဦးနှင့် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (ဃ/၇) မာဃလမ်း၊ အပိုင်း (၃)၊ (၂) ရပ်ကွက်နေ ဗိုလ်ဗိုလ်မင်း (ခ) ခေတ်ဆောင်မှူး (ဘ) ဦးခင်အေး တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (င) ရပ်ကွက်၊ သန္တာ (၁၅) လမ်းနေ ပြည်သူတစ်ဦး၏ နေအိမ်အတွင်းသို့ လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့ခြင်းတို့ကြောင့် လည်းကောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခြင်း၊ လှိုင်သာယာမြို့နယ်၊ ရာအိမ်မှူးတစ်ဦးကို လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ခြင်းနှင့် ဘုရားလမ်းမီးပွိုင့်အနီးရှိ ယာဉ်ထိန်းရုံးတွင် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ရာတွင် ပူးပေါင်းပါဝင်ခဲ့ခြင်းတို့ကြောင့် လည်းကောင်း၊ စိုးသူထွန်း (ဘ) ဦးသန်းထွန်းသည် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)၊ ၅၀ (က)အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်တွင် ၎င်းတို့အား“ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။



တရားခံ ဝေယံထွန်း (ခ) ဝင်းရိုး



တရားခံ စိုးသူထွန်း



တရားခံ သူရလင်း (ခ) သူရ

အလားတူ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်တွင် သူရလင်း (ခ) သူရ (ဘ) ဦးအေးရွှေနှင့် ဇော်သူရခွန်း(ခ)မိုးဇော်သန်း (ဘ) ဦးသန်းနိုင် (ပြေး) တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၁) ရပ်ကွက်နေ ရာအိမ်မှူးတစ်ဦးကို သေနတ်ဖြင့် ဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)/ ၅၄ အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်တွင် ၎င်းတို့ကို “သေဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများကို ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ–၈၇၊ ၈၈ အရ ဖမ်းဝရမ်း ထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသူ ဆူပူအကြမ်းဖက်သူများက အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ကျောင်းပိုင်ပစ္စည်းများအား မီးရှို့ဖျက်ဆီး









**နေပြည်တော် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသူ ဆူပူအကြမ်းဖက်သူများက အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ကျောင်းပိုင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဒိုင်းတရာကျေးရွာရှိ အခြေခံပညာ မူလတန်းလွန် ကျောင်းရှိ ကျောင်းပိုင်ပစ္စည်းများအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မီးလောင်မှုကြောင့် အဆိုပါကျောင်းဝင်းအတွင်းရှိ (၉၀x၃၀) ပေ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုး သုံးခန်းတွဲ ကျောင်းဆောင်၏ အစွန်ဆုံးအခန်း အတွင်းရှိ ကော်ထိုင်ခုံ လေးခုံ၊ အမှိုက်ပုံး နှစ်ပုံး၊ စာသင်ခုံ ၂၅ ခုံ၊ White Board တစ်ခုနှင့် ကော်ပုံး တစ်ခုတို့ မီးလောင်ပျက်စီးကာ မှန်ပြတင်းပေါက် သုံးချပ်ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ကျောင်းပိုင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ်သိန်း ၈၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၈၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကြိုးပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ ကျော်စံမင်းမောင်းနှင်ပြီး ဇော်မင်းဦးနှင့် အောင်ဗလတို့ လိုက်ပါလာသည့် NISSAN ၁၀ ဘီးမော်တော်ယာဉ်ကို သတင်း အရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၈၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃၀ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇန်နဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ (၁၆) မိုင် စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ဦးစီးသယ်ဆောင်သူများ ဖြစ်ကြသည့် အောင်နိုင်နှင့် ဖိုးဇော် တို့ နှစ်ဦးအား SURF မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ငါးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ကျော်စံမင်း၊ ဇော်မင်းဦး၊ အောင်ဗလ၊ အောင်နိုင်နှင့် ဖိုးဇော် တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့ယာဉ်များနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၃

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးဆောင်သည့်အဖွဲ့က ချင်းရွှေဟော် စခန်းအတွင်း လုံခြုံရေးဂိတ်နှင့် ယာဉ်ငယ်စစ်အကြားနေရာ၌ စစ်ဆေးခဲ့ရာ ယာဉ်အထောက်အထား မှတ်တမ်းတင်ပြနိုင်ခြင်းမရှိသော ယာဉ်ငယ် ခုနစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ဖမ်းဆီးရမိခဲ့သည်။**



ဇန်နဝါရီ ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာနက မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ဆိုင်ကယ်အပိုပစ္စည်းများကို စစ်ဆေးခဲ့ရာ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော ဆိုင်ကယ်အပိုပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၇၅၀၀၀၀)၊ လူသုံးကုန်နှင့် အထွေထွေပစ္စည်း ငါးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၅၁၃၀၀၀)၊ ခေါင်းလျှော်ရည် ၄ ဒသမ ၅ လီတာပါ ခြောက်ပုံး ခန့်မှန်း တန်ဖိုး ငွေကျပ် ၂၈၈၀၀၀၀ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၁၄၃၀၀၀) ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ အကောက်ခွန်ဦးစီး ဌာနက ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ် ကုန်လှောင်ရုံ၌ စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာ လွှာတွင် ဖော်ပြထားခြင်းမရှိသည့် စင်ကာပူနိုင်ငံမှ တင်သွင်းလာ သော Samsaung Galaxy 4 Phone (Used) ၆၅ လုံးပါ သုံးဖာခန့် မှန်းတန်ဖိုးငွေကျပ် ၅၅၃၁၀၇၈၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဧရာဝတီတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပုသိမ် မြို့နယ် မကျီးဇင်ချောင်းဖျား နေရာတွင် တရားမဝင် တောင် သရက်ခွဲသား ၂ ဒသမ ၇၅၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၈၀၀) ကို ဖမ်းဆီးရမိခဲ့သည်။



ထို့အတူ ယနေ့တွင် ပဲခူးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးနှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်း များ အတွင်းရှိ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၂၆၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၇၃၈၀၀) ကို ဖမ်းဆီးရမိသည်။

ထို့ပြင် ဇန်နဝါရီ ၁၂ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း အဖွဲ့မှ သံလွင်တံတား (မော်လမြိုင်) စစ်ဆေးရေးဂိတ်နေရာတွင် ခရီး သည်တင်ယာဉ်များပေါ်မှ ပိတ် ဖြတ်စ ကီလိုဂရမ် ၆၃၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၃၀၀၀၀)၊ ကလေးဝတ်အင်္ကျီအထည် ၃၀၀ နှင့် အဝတ်အထည်ဟောင်း ကီလို ဂရမ် ၃၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၁၀၀၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထပ်မံ၍ ယနေ့တွင် စစ်ကိုင်း တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရဲတပ်ဖွဲ့မှ စစ်ဆေးခဲ့ရာ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် နံပါတ်မပါ LIFAN အမျိုးအစား ထော်လာဂျီ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀) နှင့် Canter အမျိုးအစား ခြောက်ဘီးယာဉ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိသည်။

သို့ပါ၍ ဇန်နဝါရီ ၈ ရက်တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း မှ လိုင်စင်မဲ့ယာဉ် ခုနစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ ဇန်နဝါရီ ၁၂ ရက်တွင် မြန်မာ စက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်းမှ ဆိုင်ကယ် အပိုပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၄၁၄၃၀၀၀)၊ ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ် ကုန်လှောင် ရုံမှ Samsaung Galaxy 4 Phone (Used) ၆၅ လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၃၁၀၇၈၀) နှင့် မွန်ပြည်နယ်မှ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၅၈၆၃၇၈၀) တို့ကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရ လည်း ကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးမှ တောင် သရက်ခွဲသား ၂ ဒသမ ၇၅၅၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၈၈၀၀) နှင့် ယနေ့တွင် ပဲခူး တိုင်းဒေသကြီးမှ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၂၆၄၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၇၃၈၀၀) စုစုပေါင်း (၇ ဒသမ ၀၁၉၈) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၇၆၁၈၀၀) တို့ကို သစ်တောဦးစီးဌာန၏ လုပ်ထုံး လုပ်နည်းများအရလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လိုင်စင် မဲ့ ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရ အရေးယူ ဆောင်ရွက်လျက် ရှိကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက် ရေး ဦးဆောင်ကော်မတီမှ သိရ သည်။

**သတင်းစဉ်**

# ဒေါပုံ၊ သန်လျင်၊ တာမွေ၊ ရှွာင်နှင့် တန့်ယန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် ဦးစိန်ကျော် လမ်းမပေါ်တွင် မင်းမင်းထွန်း (ခ) အလီယာကဒ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သန်လျင်မြို့နယ် မြို့ဟောင်း (အရှေ့) ရပ်ကွက် သစ်စက်လမ်း တံတားဖြူအနီးတွင် ယဉ်ထွေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန် လမ်းမကြီးရှိ ကုန်တိုက်နောက်ကျော ကားပါကင်အနီးတွင် ပြည့်ဖြိုးမောင် မောင်းနှင်ပြီး အောင်ကျော်ဆန်း (ခ) ဖြိုးကို လိုက်ပါလာသည့် TOYOTA SUCCEED အမျိုးအစား မော်တော်ယာဉ်နှင့် မနီနီဝင်း (ခ) မနီ မောင်းနှင်ပြီး စည်သူ လိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ် နှစ်စီးတို့ကို စစ်ဆေးရှာဖွေရာ အိုက်စ် ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅နာရီတွင်မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှွာင်မြို့နယ် ရှွာင်-ဟံမြင့်မိုရ်သွား ကားလမ်း ကျောက်ကူပြင်ကျေးရွာအုပ်စု ကျောက်ကူပြင်ကျေးရွာအနီးတွင် ခင်စောမောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ် (၂) ရပ်ကွက် လေယာဉ်ကွင်း ဟောင်းလမ်းတွင် မနန်းခမ်းလူကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



**ခင်စောမောင်ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၁၃

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ အောင်မိုင် (ခ) မီတုံအောင်မိုင်(မိ)၊ မရွယ်တောင် (မိ)နှင့် မအဘောက်(တိမ်းရှောင်) တို့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နေ မ xxx (၂၂ နှစ်)၊ မ xxx (၂၅ နှစ်)နှင့် မ xxx (၂၅ နှစ်) တို့ သုံးဦးကို တရုတ်ယောကျာ်းယူလျှင် ငွေကျပ် သိန်း ၄၀ ရမည်၊ ကောင်းမွန်စွာနေရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သဖြင့် လွယ်ဂျယ်နယ်မြေရဲစခန်း၊ (ပ) ၂၁/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဗန်းမော်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၁၁ ရက်တွင် တရားခံ အောင်မိုင် (ခ) မီတုံအောင်မိုင်နှင့် မရွယ်တောင်တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁-၂၀၂၂ သောကြာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | ဓမ္မသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၃၅ | လူငယ်မျိုးဆက်သစ်အစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၂၅ | စံပြခေတ်မီတတ်ခွဲမည် ပြည်သူ့အကျိုးကိုရည် |
| ၀၇:၃၅ | ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ | ၁၇:၄၀ | Weekly Sports Info |
| ၀၈:၃၅ | ပုဂံမြေမှ ယွန်းလက်မှုပညာ | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၅ | သုံးမည်မှုံ့ခေါ် အုံ့ဖွယ်ကျော်သည် နတ်မတောင်အမျိုးသားဥယျာဉ် | ၁၈:၃၀ | သုတဝေဖြာ သီရိဂေဟာ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ခါးခါး အချစ်ချိုချို' (အပိုင်း-၂၄) |
| ၁၀:၃၅ | လူမှုစီးပွားမြင်ကွင်းများ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၄၅ | ကလောင်စွမ်းဖြင့် ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ | ၂၁:၀၀ | 'တူယှဉ်နွဲပျော် ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၈) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၂:၃၀ | MRTV National News | | |
| ၁၂:၅၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

07:01 Ma Lay Lat Khat Than (Mya Thinn Chal)
07:07 Kyaw Min Thu (Winner) Lose2Win With Andy
07:20 Traveling in Kayah State
07:28 Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress
08:01 Myanmar Puppeteers (Tha Nge Taw Dance)
08:11 Clay Toy Pots Festival
08:29 Those Who Never Give Up (Ep-6) In Pursuit of a dream
09:01 News
09:26 Global Partnership for Brighter Future: Belarus Pavilion at Expo 2020 Dubai
09:34 Myanmar Paper Toys
09:40 Moyingyi Wildlife Sanctuary
10:01 vA Precious Gift from Waste

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်ကလေး

**မွန် (၁၁:၀၀ မှ ၁၃:၀၀)** ငါးနုပ်မရပ်းပြားမွန်ချက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** သာယာပါသည်ရခိုင်ဌာနီ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)** စာအတူတူဖတ်ကြရအောင်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ပြည်နယ် ခရီးသွားမှတ်တမ်း

**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ရိုးရာဝါးခမောက် လက်မှုပညာအမွေ

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက် လက်ရှိထားမှု'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel တို့ ဝနေ့တနင်္ဂနွေမှအပ နံနက် (၈:၀၀)နာရီမှ ည(၈:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 2 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 3 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 4 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 5 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 6 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 7 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 8 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 9 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 10 | Injection- Dexamethasone | Vial | 160 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ ထုတ်ပေးရာတွင် ဇန်နဝါရီ ၁၃ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၅၀ စုစုပေါင်း ၁၂၁၇၃၄ ဒသမ ၉၆ KG ၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ GLUCOSE INJECTION ၂၅၂၇၂ ခု၊ PAI DICLO INJECTION ၂၄၂၀၀ ၊ PAI B PLEX INJECTION ၂၁၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၃၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၃၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၀/၁၄၅၀ ကျပ် | ၁၄၆၀/၁၄၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၀/၁၄၆၀ ကျပ် | ၁၄၈၀/၁၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၅/၁၄၅၅ ကျပ် | ၁၄၉၅/၁၅၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၉၅/၁၅၂၀ ကျပ် | ၁၆၀၅/၁၆၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၅၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၄ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၉၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၀၇၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၂၀၀ | ၄၅၀ | ၃၆၄၆၆၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၁၁၀၈ | ၃၃၂၄၃၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၂ | ၉၄၈၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၂၄ | ၆၉၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စံပြုကိုးကားနိုင်သည့် ဒီအင်န်အေ မျိုးရိုးဗီဇမှတ်တမ်း

ဒေါက်တာမောင်သင်း

ယနေ့အခါတွင် “ပန်းခင်းစီမံချက်” ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသည့် လုပ်ငန်းကို နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိပါသည်။ လာမည့်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသားများ မဲပေးနိုင်ရန် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်နေသည်ဟု မြင်မိပါသည်။ တကယ်တော့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းသည် တစ်ကြိမ်တစ်ခါဆောင်ရွက်ရုံမျှဖြင့် ပြီးစီးသည့်လုပ်ငန်းမဟုတ်ပါ။ နိုင်ငံတည်ရှိနေသရွေ့ “နိုင်ငံသား ဟုတ်၊ မဟုတ်” စိစစ်နေရပေဦးမည်။ နိုင်ငံသားသည် မဲပေးရုံသက်သက် အခွင့်အရေးရသည်မဟုတ်ပေ။

နိုင်ငံသားတစ်ဦးသည် သူရော မိဘနှစ်ဦးပါ နိုင်ငံသားဖြစ်လျှင် လွှတ်တော်အဆင့်ဆင့်တွင် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံပိုင်ခွင့်၊ အစိုးရအဖွဲ့တွင် နိုင်ငံတော်အကြီးအကဲသမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ယင်းတို့နှင့်အဆင့်ညီတာဝန်များကို ဆောင်ရွက်ခွင့်ရှိပါသည်။

နိုင်ငံတော်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို ပုံကိုင်နိုင်သူများအထိ ထမ်းဆောင်ခွင့်ရှိပါသည်။ သို့ဖြစ်၍ “နိုင်ငံသားစိစစ်ရေးလုပ်ငန်း” သည် နိုင်ငံ၏ အချုပ်အခြာအာဏာသုံးရပ် တည်တံ့ခိုင်မြဲရေးအတွက် အရေးပါဆုံးကဏ္ဍမှာ ရှိနေသည်ဟု ခံယူပါသည်။ ထိုသို့ နိုင်ငံသားတစ်ဦးချင်းမှသည် နောက်ဆုံး သမ္မတရွေးချယ်တာဝန်ပေးသည်အထိ အရေးပါသည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းသည် အားနည်းချက်ကင်းရန် လိုအပ်ပါသည်။ ယခုအကြံပြုတင်ပြမည့် နည်းပညာအကူအညီကို ရယူဆောင်ရွက်ပါက အားနည်းချက်ကင်းနိုင်သမျှကင်းစွာဖြင့် ဆောင်ရွက်နိုင်မည်ဟု မြင်မိပါ၍ ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

**တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသား**

မြန်မာနိုင်ငံတည်စကတည်းက ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြသူများသည် “မြန်မာတိုင်းရင်းသားများ” ဖြစ်ကြသည်။ **မြန်မာတိုင်းရင်းသားဟူသမျှသည် “မွေးရာပါအခွင့်အရေး”၊ တစ်နည်းအားဖြင့် “တိုင်းရင်းသားအခွင့်အရေး” ကို ရရှိကြပေသည်။**

၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားအဖြစ် “တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူ” ဟူသည့် မွေးရာပါအခွင့်အရေးကို ခံစားခွင့်ရှိပေသည်။ ဗြိတိသျှလက်အောက်ရောက်နေချိန်တွင် သူတို့အကျိုးစီးပွားအတွက် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ခေါ်လာသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပမှ ဝင်ရောက်နေထိုင်လာသူများနှင့် တိုင်းရင်းသားမဟုတ်သူများသည် အထက်ပါ မွေးရာပါအခွင့်အရေး မရကြပေ။ ဥပဒေအရစစ်ဆေးအတည်ပြုပြီးမှသာ နိုင်ငံသားဖြစ်ကြရသည်။ **ဥပဒေအရ နိုင်ငံသားဖြစ်လာသော်ငြားလည်း တိုင်းရင်းသားအဖြစ် ခံယူ၍မရပေ။ တိုင်းရင်းသားတိုင်းသည် မွေးရာပါနိုင်ငံသားပါ။ သို့သော် နိုင်ငံသားတိုင်းသည် တိုင်းရင်းသားအဖြစ် မရနိုင်ပါ။** နိုင်ငံသားတိုင်းသည်လည်း **“တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသား”** မဟုတ်ကြပါ။

မှတ်တမ်းများအရ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား ၁၃၅ မျိုးရှိပါသည်။ တိုင်းရင်းသားများသည် ယခင်က မိမိတို့လူမျိုးစုအလိုက် စုပေါင်းနေထိုင်လေ့ရှိသည်။ လူနေမှုပုံစံ ပြောင်းလဲလာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပ၊ ရေကြည်ရာ၊ မြက်နုရာ ပြောင်းရွှေ့နေထိုင်ကြသည်။ တိုင်းရင်းသားအချင်းချင်း သွေးနှောကြသည်။ ထို့အတူ ပြင်ပမှ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားနှင့်လည်း သွေးနှောကြသည်။ ထိုသွေးနှောသူများနှင့် ဥပဒေအရ နိုင်ငံသားဖြစ်လာသူများက တိုင်းရင်းသားဟုဆိုလာလျှင် (သို့မဟုတ်) တိုင်းရင်းသားအခွင့်အရေးကို တောင်းဆိုလာလျှင် တိုင်းရင်းသားဟုတ်၊ မဟုတ် တိကျခိုင်မာသည့် အထောက်အထားဖြင့် အဆုံးအဖြတ်ပေးရန် မလွဲမသွေလိုအပ်လာပေလိမ့်မည်။ သို့မှသာ “မွေးရာပါ နိုင်ငံသား” (သို့မဟုတ်) “မြန်မာတိုင်းရင်းသားမှ ဖြစ်သည့်နိုင်ငံသား” များသာ ရသင့်၊ ရထိုက်သည့် အခွင့်အရေးကို ကာကွယ်နိုင်ပေမည်။

> ❑ **ဒီအင်န်အေ လက်ဗွေနည်းပညာ (DNA Fingerprinting) ကို အသုံးပြု၍ မြန်မာတိုင်းရင်းသားများ၏ ဒီအင်န်အေမှတ်တမ်းထားရှိရန်နှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း၌ အသုံးပြုရန် စီမံချက်ရေးဆွဲ၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနသို့ ဦးစီးအရာရှိတစ်ဦးက ၂၀၀၀ ပြည့်နှစ် ဝန်းကျင်လောက်တွင် တင်သွင်းခဲ့ဖူး**

**နိုင်ငံ၏ ပထဝီအနေအထား**

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ ကမ္ဘာတွင် လူဦးရေ သန်း ၁၂၀၀ ခန့်ရှိသည့် အိန္ဒိယနှင့် သန်း ၁၃၀၀ ကျော်ရှိသည့် တရုတ်နိုင်ငံတို့၏ကြားတွင် တည်ရှိနေပြီး မြေအကျယ်အဝန်းနှင့် လူဦးရေမဆံ့ကာ လူဦးရေပေါက်ကွဲထွက်နေသည့် (Population Explosion) ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် အိမ်နီးနားချင်း ဖြစ်နေပါသည်။ ရေသည် ရေထုများရာမှ နည်းရာသို့ စီးဆင်းသကဲ့သို့ လူဦးရေထူထပ်ရာမှ ကျဲရာသို့ ပြောင်းရွှေ့မည့်အန္တရာယ်ကိုလည်း ရင်ဆိုင်နေရသည်။

**ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခြင်း**

နိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကြောင့် နောင်တွင် “လူမျိုး၍ တိုင်းရင်းသားလူမျိုးသာမဟုတ် အချုပ်အခြာအာဏာနှင့် အမျိုး၊ ဘာသာ၊ သာသနာပါ ပျောက်ကွယ်နိုင်မည့် အရေးကိုကြိုမြင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ **“တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်န်အေ မျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း”** ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ၂၀၁၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော်၌ တင်သွင်းခဲ့ဖူးပါသည်။

ယင်းအဆိုကို လွှတ်တော်တွင် ဆွေးနွေးခဲ့သော်လည်း ထိုစဉ်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မှတ်တမ်းသာတင်သင့်ပါကြောင်း သဘောထားပေးခဲ့ပါသည်။ သို့သော်လည်း နိုင်ငံ၏ရေရှည်အကျိုးအတွက် အဆိုရှင်က အတည်ပြုပေးရန် တင်ပြခဲ့သဖြင့် မဲခွဲရာ အဆိုရှင်ဘက်မှရှုံး၍ မှတ်တမ်းသဘောသာတည်ရှိခဲ့ပါသည်။ မြန်မာတိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးကို တိုင်းရင်းသား မဟုတ်သူများက ရယူရန်ကြိုးပမ်းနိုင်မှုကို ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်း ဆုံးရှုံးသွားခြင်းဟု မြင်မိပါသည်။ ယနေ့အထိ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

**စံပြုဒီအင်န်အေလက်ဗွေဆိုသည်မှာ**

အားလုံးသိပြီးသားဖြစ်သည့် ရိုးရိုးလက်ဗွေသည် လူတစ်သန်းလျှင် တစ်ယောက်သာ မတော်တဆ တူနိုင်ပါသည်။ မျိုးရိုးဗီဇအမှတ်အသား ဒီအင်န်အေ (DNA = Deoxyribonucleic Acid) ကတော့ တစ်ယောက်နှင့်တစ်ယောက် ထပ်တူညီနိုင်မှု မရှိနိုင်ပေ။ သို့သော် မိသားစု၊ ဆွေမျိုးများတွင် အကုန်မတူသော်လည်း ဆွေမျိုးတော်စပ်မှုလက္ခဏာများတွင်တော့ တူညီမှုရှိနေပေသည်။

ကိုရီးယားရုပ်ရှင်ကားများတွင် သားသမီး ဟုတ်၊မဟုတ်၊ မိဘဆွေမျိုး ဟုတ်၊မဟုတ် ဒီအင်န်အေ စစ်ဆေးကြသည့်အကြောင်းကို ပြသသည့် ဇာတ်လမ်း မျိုးစုံကြည့်ဖူးကြပါလိမ့်မည်။ လူတစ်ဦးနှင့်တစ်ဦး သွေးသားတော်စပ်မှု ရှိ၊ မရှိကို ဒီအင်န်အေစစ်ဆေးကြည့်၍ သိနိုင်ကြောင်း ပြသခြင်းဖြစ်ပေသည်။ ထို့အတူ မှုခင်းများတွင်လည်း ကျူးလွန်သူ ကျန်ရစ်ခဲ့သည့် သွေးစက်၊ အသားစ၊ ဆံပင်၊ မွေးညင်းများမှ ဒီအင်န်အေကို သံသယရှိသူ၏ ဒီအင်န်အေနှင့် တိုက်ဆိုင်စစ်ဆေးမှုကို ပြုလုပ်ကာ တရားခံ ဟုတ်၊ မဟုတ် စိစစ်နိုင်သည်။ သို့အတွက် ဆွေမျိုးတော်စပ်သူ၊ တိုင်းရင်းသားမျိုးတူလူမျိုးစုတစ်ခုချင်းသည်လည်း ဒီအင်န်အေ စစ်ဆေး၍ လူမျိုးစုတူညီသူများ ဟုတ်၊ မဟုတ် စိစစ်သတ်မှတ်နိုင်သည်။ လက်ဗွေဖြင့် တိုက်ဆိုင်စစ်ဆေး၍ တူညီလျှင် ဥပဒေအရငြင်း၍ မရပေ။ ဒီအင်န်အေက ရိုးရိုးလက်ဗွေထက် ပိုမိုတိကျသည့်အတွက် ဒီအင်န်အေလက်ဗွေ (DNA Fingerprint) ဟု သုံးနှုန်းကြသည်။

**အိမ်နီးနားချင်းနှင့် အာရှနိုင်ငံများ၏ ဆောင်ရွက်ထားရှိမှု**

စံပြုဒီအင်န်အေ မှတ်တမ်းထားရှိမှုနှင့်ပတ်သက်၍ လေ့လာမိသလောက် တင်ပြရမည်ဆိုလျှင် -

**အိမ်နီးနားချင်းနိုင်ငံများ**တွင် နေထိုင်သည့် တိုင်းရင်းသားများ၏ ဒီအင်န်အေမှတ်တမ်း ထားရှိခဲ့ကြောင်း သိရှိရပါသည်။ ယင်းတို့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တိုင်းရင်းသားလူမျိုးစု ၂၁ စု၊ အိန္ဒိယနိုင်ငံတွင် လူမျိုးစု ၁၅ စု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူမျိုးစုကိုးစု၊ ထိုင်းနိုင်ငံတွင် လူမျိုးစုသုံးစုတို့ဖြစ်ပါသည်။ မိမိတို့နိုင်ငံနှင့် လာအိုနိုင်ငံတို့သာ ထိုမှတ်တမ်းထားရှိရန် ကျန်ရှိပါတော့သည်။

**အာရှနိုင်ငံများ**တွင်လည်း ဗီယက်နမ်တစ်စု၊ သီရိလင်္ကာလေးစု၊ နီပေါနှစ်စု၊ မလေးရှားနှစ်စု၊ ကိုရီးယားတစ်စု၊ ဂျပန်နှစ်စု၊ ဖိလစ်ပိုင်တစ်စု၊ ပါကစ္စတန်တစ်စုနှင့် စင်ကာပူတွင် တရုတ်လူမျိုးစုတစ်စုတို့ကို ဒီအင်န်အေမှတ်တမ်းထားရှိပြီးဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**မြန်မာနိုင်ငံတွင် ဒီအင်န်အေမှတ်တမ်းထားရေး ကြိုးပမ်းခဲ့မှု**

ဒီအင်န်အေ လက်ဗွေနည်းပညာ (DNA Fingerprinting) ကို အသုံးပြု၍ မြန်မာတိုင်းရင်းသားများ၏ ဒီအင်န်အေမှတ်တမ်းထားရှိရန်နှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း၌ အသုံးပြုရန် စီမံချက်ရေးဆွဲ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသို့ ဦးစီးအရာရှိတစ်ဦးက ၂၀၀၀ ပြည့်နှစ်ဝန်းကျင်လောက်တွင် တင်သွင်းခဲ့ဖူးပါသည်။

ယခု ၂၁ နှစ်ခန့် ကြာခဲ့ပါပြီ။ အကောင်အထည်မပေါ်ခဲ့ပေ။ သက်ဆိုင်ရာဌာနအနေဖြင့် နိုင်ငံအတွက်၊ တိုင်းရင်းသားများအတွက် အလွန်အန္တရာယ်ကြီးသည့် နည်းမျိုးစုံဖြင့် လူဦးရေစီးဝင်မှုကို ခေတ်မီနည်းပညာအသုံးပြု၍ ကာကွယ်ရန်တာဝန်ရှိပါသည်။ ထိုအချိန်က အကြီးအကဲလုပ်သူအနေဖြင့် မိမိမရင်းနှီးသော နည်းပညာတစ်ခုခုကိုသုံး၍ နိုင်ငံတော်အတွင်းသို့ လူစီးဝင်မှုဟန့်တားနိုင်ရေးနှင့် နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားအဖြစ် မှားယွင်းအသိအမှတ်ပြုရေးမှ ကာကွယ်နိုင်ရေးအတွက် တင်ပြလာမှုကို တင်ပြသူနှင့် အခြားဝန်ကြီးဌာနများမှ တတ်ကျွမ်းသူများကို မေးမြန်းကာ လူမျိုး၍ တိုင်းရင်းသားမျိုးပျောက်မည့်အရေးကို ကာကွယ်သင့်သည်ဟု မြင်မိပါသည်။

**တိုးတက်လာသည့် ဒီအင်န်အေနည်းပညာ၏ အားသာမှု**

ယနေ့တွင် နည်းပညာတိုးတက်လာမှုကြောင့် တိုင်းရင်းသားများ၏ မျိုးရိုးဗီဇ စံပြုဒီအင်န်အေမှတ်တမ်းထားရှိမည်ဆိုလျှင် တိုင်းရင်းသားလူမျိုးတစ်စုချင်း၏ လူမျိုးစုလက္ခဏာ မှန်ကန်မှုကို တိကျစွာ အဖြေပေးနိုင်ပေသည်။ ယနေ့ အသုံးပြုနေသော ဒီအင်န်အေလက်ဗွေ ရှာဖွေနည်းများမှာ -

(က) ရိုးရိုးဒီအင်န်အေ လက်ဗွေဖြင့်ရှာဖွေခြင်း၊

(ခ) မိုက်တိုခွန်ဒရီးယား ဒီအင်န်အေဖြင့် ရှာဖွေခြင်း ၊

(ဂ) ဒီအင်န်အေသုံးမျိုး၏ မတူညီမှုပုံစံ (STR = Short Tandem Repeat) ဖြင့် ရှာဖွေခြင်းတို့ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတကာတွင် တတိယနည်းဖြစ်သည့် STR နည်းကို အသုံးပြုနေကြပါသည်။ ယင်းနည်းသည် မိခင်၏မျိုးရိုး၊ ဖခင်၏မျိုးရိုးနှင့် မိဘနှစ်ပါးစလုံးတွင်ပါဝင်သည့် တစ်ဦးချင်းစီ၏ ဒီအင်န်အေများကို ဆန်းစစ်လေ့လာသည့်နည်းဖြစ်၍ အထက်ပါ (က) နှင့် (ခ) နည်းနှစ်နည်းထက် ပိုမိုတိကျသည့်ရလဒ်ကို ပေးစွမ်းနိုင်ပါသည်။

**ပြည်တွင်းတွင် ပညာရှင်လုံလောက်မှု**

မိမိတို့နိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်ခန့်အချိန်က ပြည်တွင်းတွင် ဒီအင်န်အေလက်ဗွေပညာကို တတ်မြောက်သူ တစ်ဦး၊ နှစ်ဦးသာ ရှိပါသေးသည်။ ၂၀၁၇ ခုနှစ် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းသည့်အချိန်၌ ပညာရှင်အမြောက်အမြားရှိနေပြီဖြစ်ပါသည်။ အဆိုရှင်အား တပ်မတော်ဆေးတက္ကသိုလ်၊ ဇီဝဓာတုဗေဒဌာနမှ ပါမောက္ခနှင့် ဆရာများက စာတမ်းမြောက်မြားစွာ ရှာဖွေပေးခဲ့ပါသည်။ လက်တွေ့လုပ်ဆောင်နိုင်မည့် အခြေအနေများကိုလည်း ထိုပညာရှင်များနှင့် ဆွေးနွေးပြီးမှ နိုင်ငံတွင် လုပ်ဆောင်နိုင်မည့်အခြေအနေ ရှိပါသဖြင့် ယင်းအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

*စာမျက်နှာ ၂၁ သို့*

# ပုဂံ–ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိရေကန်ကြီးများတွင် ဆောင်းခိုငှက်များ လာရောက်ကျက်စားမှုများလာ

**ညောင်ဦး ဇန်နဝါရီ ၁၃**



မန္တလေးတိုင်းဒေသကြီး ပုဂံ – ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရေကန်ကြီးများတွင် ဆောင်းခိုငှက်များ လာရောက်ကျက်စားကြကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံမြို့၊ ငါ့သရောက်မြို့များသည် အပူပိုင်းရပ်ဝန်း မိုးခေါင်ရေရှားဒေသတွင်ပါဝင်ပြီး ၂၀၂၁ခုနှစ်တွင် မိုးရွာသွန်းမှု ၄၆ လက်မအထိ ရွာသွန်းခဲ့ကာ ပုဂံ– ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရေကန်ကြီးများ ရေပြည့်ရေလျှံသည်အထိ ရေဝင်ရောက်ခဲ့ရာ ယခုနှစ်ဆောင်းရာသီအထိ ရေများမခန်းခြောက်ဘဲ ဆောင်းခိုငှက်များ လာရောက်ကျက်စားခဲ့ခြင်းဖြစ်နိုင်ကြောင်း ပုဂံဒေသခံ ငှက်ဝါသနာရှင် ဦးနေဝင်းမောင်က ပြောသည်။

ညောင်ဦးမြို့နယ် ပုဂံ–ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးရေကန်များဖြစ်သည့် အလံပုဂံကန်၊ အလယ်ကန်၊ လေးထောင့်ကန်၊ ညောင်လက်ဖက်ကန်၊ ဖိုးသူတော်ကန်ခေါ် စူဠာမဏိကန်၊ ဦးကျည်ပွေ့ကန်၊ ရွှေနန်းရင်တော်ကန်ခေါ် ထိန်ကန်၊ ရွှေထီးကန်၊ မန်ကျည်းကန်၊ ဇေယျာသွပ်ကန်၊ မင်္ဂလာကန်၊ ဖွားစောကန်(မွန်တိန်း)၊ ကိုမောက်ကန်၊ ကန်သစ်ကန်၊ ကန်စွန်းတော်ဘုန်းကြီးကျောင်းကန်၊ မနူကန်မရွဲကန်၊ အုတ်ဖုတ်ကန်၊ဆည်ကန်၊ ကန်သစ်ကြီး၊ ကျောက်ရိုးကန်၊ တောင်ကျောင်းကန်နှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သောက်သုံးရေကန်ကြီး၊ ရေကန်ငယ်များ ရေပြည့်လျှံနေကြောင်း သိရပြီး ဆောင်းခိုငှက်များသည် ရေရှိသော ရေကန်ကြီးများသို့ စူးစမ်းဆင်းသက်၍ ခရီးတစ်ထောက်နားသည်လည်း ဖြစ်နိုင်ကြောင်း၊ ပုဂံမြို့ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်က သုံးသပ်ပြောကြားသည်။

ဆောင်းခိုငှက်များ လာရောက်ခိုနားသည့် ရေကန်ကြီးများသည် အခါတိုင်းနှစ်များ ရေဝင်ရောက်မှုမရှိဘဲ ယခုနှစ်တွင်မှသာ ရေကန်များ ရေရှိနေသောကြောင့် ဆောင်းခိုငှက်များ လာရောက်ခိုနားခြင်းဖြစ်ကြောင်း၊ ရေကြက်အုပ်များ၊ ခရုစုတ်၊ ခရုတုတ်ငှက်အုပ်များ၊ တင်ကျီးငှက်အုပ်များနှင့် ရေကျီးကန်းများ၊ ရေပိန်ညင်းငှက်တို့ကို ခွဲခြား၍ရပြီး အခြားငှက်များကို အတိအကျ မပြောနိုင်ကြောင်း၊ ငှက်ကြည့်တယ်လီကင်မရာများဖြင့်သာ အဖြေပေးနိုင်မည်ဖြစ်ကာ ပုဂံ– ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရေကန်များတွင် ဆောင်းခိုငှက်များလာရောက်ခိုနားမှု အများအပြားတွေ့ရကြောင်း ငှက်ဝါသနာရှင် ဦးနေဝင်းမောင်က ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ကန်တော်ကြီး သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သရက်ကုန်းငါးလုပ်ငန်းစခန်းနှင့် နတ်ရေကန် ငါးလုပ်ငန်းစခန်းတို့မှ သဘာဝရေပြင်အတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ သုံးသိန်းနှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ လေးသိန်း ငါးမျိုးစိုက်ထည့်ပွဲကို ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်၌ ဇန်နဝါရီ ၁၁ ရက်က ပြုလုပ်သည်။

**ငါးမျိုးများ စိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီး တာဝန်ခံနှင့် ဝန်ထမ်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး၊ သရက်ကုန်း ငါးလုပ်ငန်းစခန်းနှင့် နတ်ရေကန် ငါးလုပ်ငန်းစခန်းတို့မှ တာဝန်ခံများနှင့်ဝန်ထမ်းများ၊ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန (FAREC)မှ ဝန်ထမ်းများပူးပေါင်း၍ ကန်တော်ကြီး သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

ယနေ့နိုင်ငံအတွင်းတွင် ပညာရှင်အများအပြား ရှိနိုင်သောဌာနများမှာ –

(က) ဆေးသုတေသနဦးစီးဌာနများ၊

(ခ) ဇီဝဓာတုနှင့် မျိုးရိုးဗီဇဗေဒဌာနများ (တပ်မတော်ဆေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်များ၊ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်များ)

(ဂ) ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များရှိ ရုက္ခဗေဒ၊ သတ္တဗေဒနှင့် အဏုဇီဝဗေဒဌာနများ၊

(ဃ) မှုခင်းဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစီမံချက်ကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားမှ ပညာရှင်များ ငှားရမ်းရန် လုံးဝမလိုအပ်ဟု မြင်မိပါသည်။

**နိုင်ငံတော်အတွက် ဖြစ်ထွန်းလာမည့် အကျိုးကျေးဇူးများ**

အထက်ပါ ခေတ်မီဒီအင်န်အေလက်ဗွေနည်းပညာကို အသုံးပြု၍ မြန်မာတိုင်းရင်းသား တစ်မျိုးချင်းစီ၏ လူမျိုးစုလက္ခဏာကို တိတိကျကျ ဖော်ညွှန်းနိုင်မည့် **“စံပြုကိုးကားနိုင်သည့် ဒီအင်န်အေ မျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်း”** ထားရှိခြင်းဖြင့် နိုင်ငံတော်အနေဖြင့် ရေရှည်ရရှိမည့် အကျိုးကျေးဇူးများမှာ–

(က) မြန်မာတိုင်းရင်းသား ဟုတ်၊ မဟုတ် စိစစ်နိုင်ခြင်း၊

(ခ) မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂) အရ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွင် ပိုမိုတိကျခိုင်မာသည့် နိုင်ငံသားများအဖြစ် စိစစ်နိုင်ရေးကို အထောက်အကူပြုနိုင်ခြင်း၊

(ဂ) မြန်မာတိုင်းရင်းသားများနှင့် တိုင်းရင်းသား မဟုတ်သူများ သွေးနှောရာတွင် ပေါ်ပေါက်လာမည့်ပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်ခြင်း စသည်တို့ ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်အနေဖြင့် သမိုင်းဆိုင်ရာနှင့် နိုင်ငံတကာဆက်ဆံရေးရာတို့တွင် ပျူလူမျိုးနှင့် မြန်မာဆက်စပ်မှုကို ဖော်ထုတ်နိုင်ခြင်း၊ ကမ္ဘာ့လူမျိုးအသီးသီး၏ မျိုးရိုးဆင်းသက်မှု ပုံကြမ်းစီမံကိန်း (Draft Phylogenetic Tree of World People) တွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ မျိုးရိုးဗီဇဆိုင်ရာ ရောဂါများ (Genomic Diseases) ကုသနိုင်ရေးအတွက် နိုင်ငံတကာသုတေသနလုပ်ငန်းများတွင် ပါဝင်နိုင်ခြင်း၊ အိမ်နီးနားချင်းနိုင်ငံများရှိ လူမျိုးများနှင့် မြန်မာတိုင်းရင်းသားများ၏ မျိုးရိုးဗီဇဆက်နွယ်မှုရှိ၊ မရှိ စိစစ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပါသေးသည်။

နိုင်ငံတကာပညာရှင်များ၏ လေ့လာမှုစာတမ်းများတွင် ဖော်ပြထားချက်များအရ အိန္ဒိယနှင့် ဘင်္ဂါလီ လူမျိုးများ၏ မျိုးရိုးဗီဇတို့သည် အာရှအရှေ့ပိုင်း၊ အရှေ့တောင်အာရှဒေသရှိ လူမျိုးများ၏ မျိုးရိုးဗီဇဒီအင်န်အေနှင့် လုံးဝကွဲပြားနေကြောင်း သိရပါသည်။

**တိုင်းရင်းသားအခွင့်အရေး**

တိုင်းရင်းသားများသည် မွေးရာပါအခွင့်အရေး ရကြသည်။ ဥပဒေအရ နိုင်ငံသားဖြစ်လာကြသည့် တိုင်းရင်းသားမဟုတ်သူများသည် မွေးရာပါအခွင့်အရေးမရနိုင်ပေ။ မွေးရာပါအခွင့်အရေး ရရှိစေရန် တိုင်းရင်းသားဖြစ်လိုကြသည်။ တိုင်းရင်းသား ဟုတ်၊ မဟုတ် ပတ်ဝန်းကျင်ရှိ လူများ၏ သူပြော၊ ငါပြော သက်သေအထောက်အထားများနှင့် ပြောပြချက်များကိုသာ အခြေပြုသည့်မှတ်တမ်းများဖြင့် မလုံလောက်တော့ပေ။ ခေတ်မီနည်းပညာ အကူအညီ ရယူရန် လိုအပ်လာပေပြီ။ လူစီးဝင်မှုပြဿနာ၏ အရေးကြီးသည့် ရေရှည်အကျိုးဆက်မှာ ထိုစီးဝင်လာသူများက အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားဖြစ်လာပြီး သူတို့သည်လည်း မြန်မာတိုင်းရင်းသားဟုဆိုကာ **“တိုင်းရင်းသားအခွင့်အရေး”** တောင်းဆိုလာပါလိမ့်မည်။

လက်ရှိပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ ပုဒ်မ ။ ၅၉ (ခ) ၌ နိုင်ငံတော်သမ္မတနှင့် ဒု–သမ္မတများ၏ အရည်အချင်းများကို သတ်မှတ်ရာတွင် “မိမိနှင့် မိမိ၏မိဘနှစ်ပါးစလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော **“တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသား”** ဖြစ်ရမည်” ဟု အတိအလင်းပြဆိုထားပါသည်။ မြန်မာတိုင်းရင်းသားများသာ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများ၏ **“အထွတ်အထိပ်အခွင့်အရေး”** ပင်ဖြစ်ပါသည်။ ထိုအခွင့်အရေးမျိုးကို လိုချင်သဖြင့် သွေးနှောသူများ (သို့မဟုတ်) တိုင်းရင်းသား မဟုတ်သည့်နိုင်ငံသားများက တိုင်းရင်းသားဟု တောင်းဆိုလာနိုင်ခြင်းကို ယခုတင်ပြခဲ့သည့် ဒီအင်န်အေလက်ဗွေနည်းပညာဖြင့် စိစစ်ကာကွယ်ထားနိုင်ပါမှ နိုင်ငံတော်အကြီးအကဲသမ္မတ တာဝန်ယူမည့်သူသည် “တိုင်းရင်းသားနိုင်ငံသားစစ်စစ်” ဖြစ်လာပေလိမ့်မည်။ သို့မှသာ “နိုင်ငံတော်၏အချုပ်အခြာအာဏာ” သည်လည်း မယိမ်းမယိုင်တည်ရှိနေပေလိမ့်မည်ဟု ခံယူမိပါသည်။

မြန်မာတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ နေထိုင်ခဲ့ကြသည်။ ခေတ်သစ်လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်ရင်းနှမများ စည်းလုံးညီညွတ်ပေါင်းစည်းမှုကတိပြုစာချုပ်ဖြင့် ခိုင်မာစွာ စုစုစည်းစည်းနေထိုင်လာခဲ့သည်မှာ စိန်ရတုပင် တိုင်ခဲ့ပါပြီ။

နိုင်ငံ့ခေါင်းဆောင်များကို ပြည်ထောင်စုလွှတ်တော်က ရွေးချယ်အတည်ပြုခြင်း မပြုမီ မြန်မာတိုင်းရင်းသားများ၏ **“စံပြုကိုးကားနိုင်သည့် ဒီအင်န်အေမျိုးရိုးဗီဇမှတ်တမ်း”** ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်မှသာ **“တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသားစစ်စစ်ခေါင်းဆောင်များ”** ကို တင်မြှောက်နိုင်မည်ဖြစ်ပါသဖြင့် အဆိုပါမှတ်တမ်းကို ဆောင်ရွက်ထားသင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

(၂) ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၂၀၁၇)။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာ့သိုင်းပညာရပ်ကို မြန်မာ့ရိုးရာအမွေအနှစ် ကိုယ်ခံပညာတစ်ရပ်အဖြစ် အလေးအနက်ထား ထိန်းသိမ်းစောင့်ရှောက်စေလို

**မော်လမြိုင် ဇန်နဝါရီ ၁၃**

၂၀၂၂ ခုနှစ် မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ဖက်တန်းရပ် ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း နေပြည်တော်၌ ကျင်းပမည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ မွန်ပြည်နယ် အနေဖြင့် လက်ရွေးစင်အားကစားသမားကောင်းများ အဆင့်အတန်းမီစွာ အရည်အချင်းရှိသည့် ပြိုင်ပွဲဝင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့သိုင်းပညာရပ်ကို မြန်မာ့ရိုးရာ အမွေအနှစ် ကိုယ်ခံပညာတစ်ရပ် အဖြစ် အလေးအနက်ထား ထိန်းသိမ်း စောင့်ရှောက်စေလို ကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အားကစားသမားများ၏ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုမှုနှင့် ပြိုင်ပွဲဝင်တစ်ဦးချင်းအလိုက် သိုင်းပညာရပ်များအား သရုပ်ပြပေးမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ မြန်မာ့သိုင်းပြိုင်ပွဲကို မွန်ပြည်နယ် ၁၀ မြို့နယ်မှ ပြိုင်ပွဲဝင်အားကစားသမား ၆၀ တို့က အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းအလိုက် ဓားတစ်လက်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးအုပ်စုအလိုက် ၆၃ မောင်းပညာစဉ် ပြိုင်ပွဲတို့ကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မွန်ပြည်နယ် အနေဖြင့် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် ကိုဗစ်-၁၉ ရောဂါကြောင့် ကန့်သတ်ချက်များရှိသော်လည်း အားကစားကဏ္ဍမြှင့်မားရေးကို ပြည်နယ်အစိုးရအဖွဲ့မှ အဆင့်မီ အားကစားကွင်းနှင့် အားကစားဥပကရဏ်များ တည်ဆောက်ပေးပြီး လူငယ်နှင့် အားကစားကဏ္ဍအလိုက် အထူးအလေးပေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## ကံမမြို့ အမှတ်(၂)ရပ်ကွက်ရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်

**ကံမ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၂)ရပ်ကွက်၊ မြို့ပတ် လမ်းသွယ်(၁) ရှိ သစ်သားတံတားအား ရေစီးရေလာ ပိုမိုကောင်းမွန်စေရန်အတွက် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်နေသော ကွန်ကရစ်တံတားမှာ အရှည် ၁၈ ပေ၊ အနံ သုံးပေနှင့် အနက် သုံးပေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေ ကျပ် ၁၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်ထံမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**မူဆယ်**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လက်ဝယ်ရရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းနှင့်အဖွဲ့ ဝန်ထမ်းများက ဇန်နဝါရီ ၁၂ ရက်က မိုင်းယု(၁၀၅) မိုင် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာ အသက် ၁၀ နှစ်ပြည့် (နိုင်၃/ကမှ နိုင်/၆က) ၁၃ ဦး၊ ဆောင်ရွက်ရန် မလိုတော့သော သေဆုံးစာရင်း ၃၉ ဦး၊ ပြောင်းရွှေ့သွားသူ ၁၀ ဦး၊ ခရီးလွန် ၁၃ ဦးနှင့် ရဟန်း/သီလရှင် တစ်ဦး စုစုပေါင်း ၆၃ ဦးကို စစ်ဆေးဆောင်ရွက်ပေးခဲ့ပြီး ခရိုင်ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ် လာရောက်လျှောက်ထားသူများအား ပန်းခင်းစီမံချက်လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**

**ပုလော**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုလောမြို့နယ်ရုံးမှ မလိကျေးရွာအုပ်စု ဇရပ်ဆိပ်ကျေးရွာ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်း၌ မလိကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာ ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ အမှတ် (၄၈) မလိရေတပ်အခြေစိုက်စခန်းမှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးကြကြောင်းနှင့် ပုလောမြို့နယ် လဝကဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အသက် ၁၀ နှစ်ပြည့် နိုင် ၃(က) ၂၆ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင် ၆(က) ၈၇ ဦး၊ လဲလှယ် ၄၈ ဦး၊ မိတ္တူ ၄၄ ဦး စုစုပေါင်း ၂၀၅ ဦး ကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ပြုလုပ်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်ကိုဦးက ပန်းခင်းစီမံချက်ဆိုင်ရာအကြောင်း အသိပညာပေးဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးအေးမော် (ပုလော)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

# ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး ဇန်နဝါရီ ၁၃**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးသုံးဆေးဝါးနှင့် ဆေးပစ္စည်းလိုအပ်ချက်များ တောင်းခံပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှ ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဝယ်ယူဖြည့်ဆည်းပေးရမည့် ဆေးဝါးနှင့်ဆေးပစ္စည်းလိုအပ်ချက်များကို တင်ပြရန်လိုကြောင်း၊ ထန်တလန်မြို့နယ် ဇဖိုင်ကျေးရွာအတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးရေး ဦးတည်အုပ်စုအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ရာနှုန်းပြည့်ထိုးနှံနိုင်ရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲရမည်ဖြစ်ကြောင်း၊ ဟားခါးမြို့နယ်တွင် ကိုဗစ်-၁၉




ပိုးတွေ့ရှိမှုနှုန်း သိသိသာသာ လျော့နည်းလာကြောင်း တွေ့ရသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟားခါးမြို့နယ် လူထုကျန်းမာရေးစောင့်ရှောက်မှုကော်မတီဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာ စတီဗင်လျန်ဟုပ်လိန်းက ဟားခါးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများ၊ ကွင်းဆင်းဆောင်ရွက်မည့် အစီအမံနှင့် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသဆေးများ ထောက်ပံ့ပေးနိုင်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ဆက်လက်ထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ၊ ဗီနိုင်းများ ဖြန့်ဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ဟားခါးတပ်နယ်မှ ဗိုလ်မှူးကြီး စောထွန်းတို့က လိုအပ်သည်များကို အကြံပြုဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုက်ပွဲရှောင်စခန်းတွင် နေထိုင်လျက်ရှိသော အင်ဂျန်းယန်မြို့နယ်ဒေသမှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**အင်ဂျန်းယန် ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် နယ်မြေဒေသအခြေအနေအရ မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ပိတောက်မြိုင်ကျေးရွာ စိန့်ဂျိုးဇက်အသင်းတော် IDP Camp တွင် နေထိုင်လျက်ရှိသော အင်ဂျန်းယန်မြို့နယ်ဒေသမှ ပြည်သူများအား ယမန်နေ့က ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဦးကျော်စိုးနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အင်ဂျန်းယန်မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းငါးဦးက (ပလန)စိန့်ဂျိုးဇက်အသင်းတော် IDP Camp တွင် နေထိုင်သည့် အင်ဂျန်းယန်မြို့နယ်မှ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၅၆ ဦးကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။

**ကျော်စိုးနိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအတွက် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀ လက်ခံရရှိ

**မူဆယ် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရေး Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀ ကို ယမန်နေ့ နံနက်ပိုင်းက မြန်မာ- တရုတ် နယ်စပ်နန်းတော်ဂိတ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မူဆယ်ခရိုင်မှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဟန်နိုင်စိုးတို့က လက်ခံရယူသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေး ၅၀၀၀၀ အနက်မှ မူဆယ်နှင့် နမ့်ခမ်းဒေသရှိ ဒေသခံပြည်သူဦးရေ ၁၅၀၀၀ အတွက် ဆေးလုံးရေ ၇၅၀၀ ကို မူဆယ်မြို့ ပြည်သူ့ဆေးရုံ၏ အအေးခန်းအတွင်း၌ စနစ်တကျ သိုလှောင်ထားရှိကာ ကျန်ရှိဆေးလုံးရေ ၄၂၅၀၀ နှင့် ဆေးထိုးအပ် ၁၈၅၀၀၀ ချောင်းကို အအေးခန်းကားဖြင့် စနစ်တကျထုပ်ပိုးကာ လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ နေ့ချင်းဆက်လက်ပေးပို့ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့် Grade-11(သင်ရိုးသစ်) ကျောင်းသား/ကျောင်းသူများ အသုံးပြုမည့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | | |
|---|---|---|---|
| ၂။ | အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် | - | (၁၄-၁-၂၀၂၂)ရက်၊ သောကြာနေ့၊ နံနက် (၉:၃၀) နာရီ |
| | အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် | - | (၁၁-၂-၂၀၂၂)ရက်၊ သောကြာနေ့၊ မွန်းတည့် (၁၂:၀၀) နာရီ |
| | တင်ဒါတင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊အခြေခံပညာဦးစီးဌာန၊ နေပြည်တော် |
| ၃။ | တင်ဒါဖွင့်မည့်ရက် | - | (၁၅-၂-၂၀၂၂)ရက်၊ အင်္ဂါနေ့ |
| | တင်ဒါဖွင့်မည့်အချိန် | - | နံနက် (၁၀:၀၀) နာရီ |
| | တင်ဒါဖွင့်မည့်နေရာ | - | ရုံးအမှတ်(၁၃)၊အခြေခံပညာဦးစီးဌာန၊ အစည်းအဝေးခန်းမ |

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**
**ဖုန်းနံပါတ်- ၀၆၇၃၄၀၇၈၁၅၊ ၀၆၇၃၄၀၇၈၁၄**

# မူဆယ်မြို့၌ ငွေကျပ် ၂၀၄ သိန်းကျော်တန်ဖိုးရှိ စားသုံးရန်မသင့်သော စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**မူဆယ် ဇန်နဝါရီ ၁၃**

ကျန်းမာရေးနှင့် ကိုက်ညီခြင်းမရှိသည့် ဖမ်းဆီးရမိ စားသုံးရန်မသင့်သော စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ အကောက်ခွန်ဦးစီးဌာနဝင်း အတွင်း၌ ယနေ့နံနက် ၁၁ နာရီခွဲက ပြုလုပ်ကြောင်း သိရသည်။



မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာန မြို့နယ်ရုံးနှင့် မူဆယ် (OSS)တို့မှ ဖမ်းဆီးရရှိထားသော တရုတ်စာတန်းပါ ဖဲထုပ်၊ စီးကရက်၊ ပိုးသတ်ဆေး၊ အမဲသားခေါက်ဆွဲဘူး၊ တရုတ်ကွမ်းသီးပေါင်း၊ အရက်ဖြူ၊ မှိုခြောက်၊ သကြားလုံး၊ ခေါက်ဆွဲခြောက်၊ ရောနှောဆီ၊ အစပ်ပြားထုပ် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၀၄၅၈၀၀၀ ရှိ စားသုံးရန်မသင့်သော စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဖေကြိုင်၊ မူဆယ်ဦးစီးမှူး ဦးဇော်လင်းနိုင်၊ မူဆယ်မြို့ စားသုံးသူရေးရာမှ ဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခွန်ဦးစီးဌာနတို့ ပူးပေါင်းကာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# သီပေါမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



**သီပေါ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၃ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ မြို့နယ်စည်ပင်သာယာရေးမြို့မဈေးကြီးရှေ့၌ ကျင်းပသည်။

လက်တွေ့သရုပ်ပြလေ့ကျင့်ရာသို့ ကျောက်မဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်ကိုကိုဆန်း၊ သီပေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ကွပ်ကဲမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှလှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

■ *ကျောဖုံးမှ*

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရန်ကုန်မှ ကိုဗစ်-၁၉ ရောဂါပိုးတွေ့သည့် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်တွင် ယနေ့စစ်ဆေးရာ SARS-CoV-2 Variant Omicron (အိုမီခရွန်)ရောဂါပိုးကို ဓာတ်ခွဲနမူနာ(၄၂)ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါအိုမီခရွန်ရောဂါပိုးတွေ့ရှိသူများတွင် မြန်မာနိုင်ငံသား (၄၀)ဦးနှင့် နိုင်ငံခြားသား (၂) ဦးတို့ပါဝင်ပြီး Relief Flight များဖြင့် ဝင်ရောက်လာသူများဖြစ်ကာ အိန္ဒိယနိုင်ငံမှ (၃၂) ဦး၊ ယူအေးအီးနိုင်ငံမှ (၄) ဦး၊ မလေးရှားနိုင်ငံမှ (၃)ဦးနှင့် ထိုင်းနိုင်ငံမှ (၃) ဦးတို့ ဖြစ်ပါသည်။

၄။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရန်ကုန်မှ ကိုဗစ်-၁၉ ရောဂါပိုးတွေ့သည့် ဓာတ်ခွဲနမူနာ(၄၅)ခုတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်)ပိုး မတွေ့ရှိရပါ။

၅။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား ကိုဗစ်-၁၉ ကုသရေးစင်တာများနှင့် သတ်မှတ်ဆေးရုံကြီးများတွင် သီးသန့်ထားရှိကာ အထူးကုသစောင့်ရှောက်မှုများဆောင်ရွက်လျက်ရှိပြီး ၎င်းသူတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

○ *ကျောဖုံးမှ*

အသင်းဆရာဝန်- ဒေါက်တာယုနန္ဒာထွန်း၊ အကြောကျွမ်းကျင်- ဦးလွင်ဦးကို၊ Media officer- ဦးအောင်သော်ဖြိုး၊ Video Analyst- ဦးမြတ်စိုးသူ၊ Security Officer -ဒေါ်ဆုပြည့်စုံအောင်၊ အားကစားသမားများအဖြစ် **ဂိုးသမား-** မေဇင်နွယ်၊ ဇူးလတ်နဒီ၊ ခိုင်ဇာဝင်း၊ **နောက်တန်း-** အေးအေးမိုး၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ အိအိကျော်၊ခင်သန်းဝေ၊ **အလယ်တန်း-** သင်းသင်းယု၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ၊ ဝင်းဝင်း၊ နော်ထက်ထက်ဝေ၊ **ရှေ့တန်း-** ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ခင်မိုးဝေ၊ မြတ်နိုးခင်၊ ဂျူလိုင်ကျော်၊ နှင်းပွင့်အေးနှင့် နုနုတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းတွင် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် ကစားသမားအများစုပါဝင်လာပြီး လေးဦးသာ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးတင်မြင့်အောင်သည် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး အပြီးသတ်ကစားသမား ၂၃ ဦးကို ဇန်နဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းကစားသမားများအနက် အိန္ဒိယကလပ်တွင် ကစားနေသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အိန္ဒိယနိုင်ငံသို့ ရောက်ရှိမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

အာရှဖလား အမျိုးသမီးပြိုင်ပွဲ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် အိမ်ရှင်အိန္ဒိယ၊ တရုတ်၊ တရုတ်တိုင်ပေ၊ အီရန်၊ အုပ်စု (ခ)တွင် ဩစတြေးလျ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု (ဂ)တွင် လက်ရှိချန်ပီယံ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် ဇန်နဝါရီ ၂၁ ရက်တွင် လက်ရှိချန်ပီယံ ဂျပန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဒုတိယဦးစီးမှူး (ဝင်ပေါက်) ရာထူးနေရာများအတွက်
## ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ကြေညာခြင်း

( ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် )
( ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် )

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက် ရှိသည့် ဒုတိယဦးစီးမှူး လစာနှုန်း ကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၂၀၀)နေရာ အတွက် အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများအား ၅-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)နှင့် ၆-၁-၂၀၂၂ ရက်(ကြာသပတေးနေ့) တို့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး ရွေးချယ်ခံရသူ(၂၀၀)ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည် -

A – 8, 47, 53, 264, 318, 435, 444, 454, 456, 473, 496, 507, 517, 524, 530,537, 554, 557, 594, 598, 599.

B – 1, 2, 3 , 4, 5, 6, 7, 9, 10, 11, 12, 13, 14, 15, 17, 18, 21, 22, 23, 24, 25,27, 28, 29, 31, 32, 34, 35, 36, 37, 38, 39, 42, 43, 44, 45, 46, 49, 50, 51,52, 54, 56, 58, 59, 61, 62, 64, 65, 68, 70, 73, 75, 76, 77, 79, 80, 81, 82,84, 85, 86, 87, 89, 90, 92, 94, 95, 97, 100, 101, 102, 104, 105, 106,108, 110, 111, 112, 113, 114, 115, 117, 118, 119, 120, 121, 122, 123.

C – 4, 6, 8, 12, 22, 24, 30, 36, 39, 49, 52, 53, 58, 61, 73, 75, 76, 77, 79, 81,84, 87, 95, 96, 100, 103, 104, 108, 110, 122.

E – 8, 9, 13, 20, 22, 25, 28, 55, 64, 67, 69, 74, 75, 85, 107, 110, 120, 123,135, 138, 144, 145, 147, 161, 162.

L – 24, 35, 53, 71, 114, 115, 123, 130, 143, 146, 151, 154, 155, 164, 165,167, 169, 178, 184, 190.

S – 1, 2, 4, 11, 20, 22, 23, 56, 59, 61, 62, 68, 73, 74, 81.

၂။ အဆိုပါ ရွေးချယ်ခံရသူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် (ရုံးချုပ်)သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ (၂၇ - ၁ - ၂၀၂၂) ရက် (ကြာသပတေးနေ့) မွန်းလွဲ (၁၃:၀၀)နာရီအချိန်ထက် နောက်မကျစေဘဲ သတင်းပေးပို့ရမည် ဖြစ်သည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)
( ခ ) အိမ်ထောင်စုစာရင်း(မူရင်း)
( ဂ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း)
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
( င ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
( စ ) ၁ လက်မ x ၁.၂၅ လက်မ အရွယ်အစားရှိ လိုင်စင်ဓာတ်ပုံ(၁၀)ပုံ

၃။ ရွေးချယ်ခံရသူများအနက်မှ သတ်မှတ်ထားသော နေ့ရက်တွင် လာရောက်သတင်း ပို့ရန် ပျက်ကွက်သူများနှင့် ဌာနမှသတ်မှတ်ထားသော ကတိဝန်ခံချက်ပုံစံတွင် လက်မှတ် ရေးထိုးခြင်း မပြုနိုင်သောသူများ၏ ရာထူးနေရာများ၌ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၀(င)(၉) အရ ဝန်ထမ်းရွေးချယ်ခန့်ထားရေးအရန်စာရင်းရှိ အမှတ်အများအနည်း အလိုက်တန်းစီဇယား အမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားမည်ဖြစ်သည်။

၄။ အဆိုပါ ရွေးချယ်ခံရသူများ၏ အမည်စာရင်းအား ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင်လည်း ကြေညာပေးသွားမည်ဖြစ်ပြီး အခြားသိရှိလိုသည် များရှိပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၃၀၀၂၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဖခင်အမည်မှန်

သံဖြူဇရပ်မြို့၊ အထက(ခွဲ) ကရင်သောင် Grade-7မှ မောင်သီဟအောင်၏ ဖခင် ဦးမောင်မြိုင်၏ အမည်မှန်မှာ ဦးမြိုင် ၈/မမန(နိုင်) ၁၃၃၈၉၀ ဖြစ်ပါကြောင်း။

**ဦးမြိုင်**

## မိခင်အမည်မှန်

ဦးကျော်ဇေယျ၏ သမီး သံဖြူဇရပ်မြို့၊ အထက(ခွဲ) ကရင်သောင် Grade-4 မှ မဆုပြည့်ကေသွယ်၏ မိခင်အမည်မှန် မှာ ဒေါ်သဲစုထွေး ၁၀/သဖရ(နိုင်)၁၃၄၈၀၂ ဖြစ်ပါကြောင်း။

**ဒေါ်သဲစုထွေး**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ ကားဂိတ်ဆိုင်ခန်းအမှတ်(က-၂၅)ဆိုင်ခန်းအား ရာဇသင်္ဂဟလမ်းနှင့် ခရာဝါလမ်းထောင့်၊ ဘောဂဝတီရပ်၊ နေပြည်တော်၊ ပျဉ်းမနားမြို့နေ Myanmar Biznet Co.,Ltdက အခွန်ထမ်းအမည်ပေါက်ပါသည်။

၂။ အဆိုပါ(က-၂၅)ဆိုင်ခန်းအား ဇောခိကုန်းကျေးရွာ၊ သစ်စိမ့်ပင်အုပ်စု၊ လယ်ဝေးမြို့နေ ဒေါ်နီလာစိုး ၉/လဝန(နိုင်)၁၇၆၉၂၇သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် Myanmar Biznet Co.,Ltdကိုယ်စားလှယ် ဦးစွမ်းထက် ဒါရိုက်တာ ၉/ပမန(နိုင်)၁၇၃၅၅၈တို့၏ အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထား ခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်-၂ အ.ထ.က Grade 9 မှ မသွန်းအိမ်ဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်ဝင်း (ခ) ဦးကျော်စိုးဦး တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်ဇော်ဝင်း(ခ)ဦးကျော်စိုးဦး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ နောင်လှိုင်ကျေးရွာအုပ်စု၊ နောင်လှိုင်ကျေးရွာနေ ဦးဝင်းအေး ၉/မမန(နိုင်)၀၄၆၆၇၇နှင့် ဒေါ်ခင်နှင်းစု ၉/မမန(နိုင်)၀၄၇၀၃၅တို့၏သားဖြစ်သူ မောင်ရဲထက်နိုင် ၉/ပဥလ(နိုင်)၀၆၄၄၂၅သည် မိဘ၏ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်ရဲထက်နိုင်နှင့်ပတ်သက်သော ကိစ္စအဝဝများအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းအေး** | **ဒေါ်ကြူကြူသင်း (LL.B)** |
| **၉/ဗမန(နိုင်)၀၄၆၆၇၇** | **တရားလွှတ်တော်ရှေ့နေ** |
| **နောင်လှိုင်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့** | **(စဉ်-၁၆၇၂၇)** |
| | **သာယာကုန်းအနောက်စု** |
| | **ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့** |

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာတွင် သားဖြစ်သူ မောင်ကျော်သူရိန် အား **မောင်ကျော်သူဟိန်း ၅/ကလထ(နိုင်) ၂၆၇၈၆၄** ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 50W/42991 ယာဉ်လက်ဝယ်ရှိသူဦးကျော်သက် ၇/တငန(နိုင်)၀၀၂၂၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ကြက်တည်၊ ဦးပိုင်အမှတ်(၄၇/ဃ)၊ ဧရိယာ(၀ဒသမ၀၄၃)ဧကရှိ ဒေါ်ဥမ္မာမြင့် အမည်ပေါက် ပိုင်ဆိုင်သော အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော်(၅)လမ်း၊ အနောက်လားသော် ဦးပိုင် (၄၇/င)၊ တောင်လားသော် ဦးပိုင် (၄၇/င)၊ မြောက်လားသော် (၃)လမ်း၊ ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်ချစ်ဇာဇာမှ ၎င်း၏အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ်၊ ဇန်နဝါရီ ၂၇ရက် မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့နယ်**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားလွှာ

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်/အသင်းသားများအနေဖြင့် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

(က) **ကျင်းပမည့်နေ့ရက်** - ၂၉-၁-၂၀၂၂ရက် (စနေနေ့)
(ခ) **ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
(ဂ) **ကျင်းပမည့်စနစ်** - Virtual Meeting

၂။ တက်ရောက်လိုသူများအနေဖြင့် Online Registration ဖြင့် အသင်းချုပ်၏ Email- mgjea.npt@gmail.com Viber (09-790690150) သို့မဟုတ် Phone- (067-432385/067-432387)သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

၃။ နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းသားများအနေဖြင့် ဆွေးနွေးမေးမြန်းအကြံပြုချက်များနှင့် သိရှိလိုသည်များရှိပါက ၂၀-၁-၂၀၂၂ရက် နောက်ဆုံးထား၍ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## Happy Birthday သားလတ် သုဝေယံရှိန်း (ခ) သုသု

ဘိုးဘိုးကြီး "သီရိသုဓမ္မမဏိဇောတဓရ ဦးမိုး(ခ)မုံရွာဆရာမိုး" ၏ မြေး **မောင်သုဝေယံရှိန်း(ခ)သုသု [Brainwork, Total Learning Academy Primary (5)]** ၏ ၁၄-၁-၂၀၂၂ရက်(သောကြာနေ့)တွင်ကျရောက်သော (၁၁)နှစ်ပြည့်မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ဖေဖေ၊ မေမေ၊ ကိုကြီး၊ ညီလေးနှင့် အတူ အသက်ရှည်ကျန်းမာ ချမ်းသာစွာ ဘာသာ အကျိုး၊ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော ထူးချွန်ထက်မြက် တတ်သိလိမ္မာသည့် သားကောင်းရတနာလေးဖြစ်ပြီး သက်ဆုံးတိုင်ကောင်းသော ဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဖေဖေ - ဦးကျော်ကိုကိုရှိန်း
မေမေ - သီရိသုဓမ္မသိင်္ဂီ ဒေါ်မိုးပြည့်ပြည့်ဖြိုး
ကိုကြီး - မောင်ကျော်ကိုကိုဆက်နိုင်[Brainwork, Total Learning Academy Primary(6)]
ညီလေး - မောင်မိုးပြည့်စုံဟိန်း [Brainwork, Total Learning Academy Primary(4)]
မုံရွာ ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်
K S Diamond (Diamonds & Jewellery)၊ ရွှေသု စိန်ရွှေရတနာဆိုင်နှင့်
မိုးပြည့်ဟိန်း ပုံနှိပ်တိုက် မိသားစု

## အစည်းအဝေး အကြောင်းကြားစာ

Chin Corp Capital Co.,Ltd. သည် မတည်ငွေရင်းလျှော့ချခြင်းအား မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၁၆(င)(၂) အရ မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် အများသိစေရန် အကြောင်းကြားအပ်ပါသည်-

**အစည်းအဝေးကျင်းပမည့်ရက်** - ၁၈-၁-၂၀၂၂ရက်
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀:၃၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** - ကုမ္ပဏီရုံးခန်း

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ ဗိုလ်တစ်ထောင်ကွက်၊ ဦးပိုင်အမှတ်(၈၄၅)မှ မြေဧရိယာ(၀ဒသမ၁၁၀) ဧကရှိ မြေကွက်သည် မူလတွင် ဦးကြည်ဝင်းအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားရာမှ ဦးကြည်ဝင်း၏ကိုယ်စားလှယ်ရရှိသူ ဦးမြင့်လှိုင်မှ (၂၀-၃-၂၀၁၆)ရက်တွင် အဆိုပါမြေကွက်ကို ဦးမြင့်ကြိုင်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၀၅၉/၂၀၂၁)ဖြင့် စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်းချပြီးဖြစ်သောကြောင့် မြေကွက်ဝယ်ယူသူ ဦးမြင့်ကြိုင်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ် (၉A)၊ ဆံတော်မီးရထားကွက်၊ ဦးပိုင်အမှတ် (၁၈ဃ)မှ မြေဧရိယာ ၀ဒသမ၀၃၇ ဧကရှိ မြေကွက်သည် မူလတွင် ဦးသိန်းဆွေ၊ ဒေါ်ခင်ဝင်းကြည်တို့အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိထားရာမှ ဒေါ်ခင်ဝင်းကြည်သည် ကွယ်လွန်သွားသဖြင့် ဦးသိန်းဆွေမှ ၂၈-၂-၂၀၂၁ရက်တွင် အဆိုပါမြေကွက်ကို ဦးရဲအောင်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၀၃၃/၂၀၂၁)ဖြင့် စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်းချပြီးဖြစ်သောကြောင့် မြေကွက်ဝယ်ယူသူ ဦးရဲအောင်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## အမှတ်စဉ် (၂)

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် (ပြည်ထောင်စု)ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားကုမ္ပဏီ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| **စဉ်** | **လုပ်ငန်းအမျိုးအစား** | **အတိုင်းအတာ** | **လုပ်ငန်းတည်နေရာ** | **Lot No** |
|---|---|---|---|---|
| (က) | ပိုးမွှားထိန်းချုပ်ရေးစခန်း RC အုတ်စီ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး၊ ရေ၊ မီး၊ မိလ္လာအပါအဝင် | (၆၀'x၄၀'x၁၅') | မူဆယ် ပိုးမွှားထိန်းချုပ်ရေးစခန်း | Lot.14 |

၂။ တင်ဒါကြေး သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့် တင်ဒါပုံစံတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**တင်ဒါရောင်းချမည့်ရက်** - ၁၅-၁-၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်** - ၁-၂-၂၀၂၂ရက် (၁၆:၃၀)နာရီ
**တင်ဒါတင်သွင်းမည့်နေရာ** - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ တောင်ကြီးမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၅၅၀၃၊ ၀၉-၄၂၀၇၀၀၄၅၇၊ ၀၉-၄၂၈၃၄၀၂၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(တင်ဒါဖွင့်မည့်ရက်အား ကြိုတင်ဆက်သွယ်၍ အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။)

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန**
**တောင်ကြီးမြို့**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ "စံ"ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မအေးမြတ်မွန် ၁၁/မအန(နိုင်)၀၆၈၀၄၈ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း ၁၁/မအန(နိုင်)၀၂၉၅၈၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြစ်ကြီးနား၊ စီတာပူရပ်ကွက်နေ ဦးကျော်နိုင်ထွေး ၁/မမန(နိုင်) ၀၄၂၆၇၃ ၏သား မောင်ဘုန်းမြတ်အောင်အား မောင်စိုင်းအောင်ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမည် |
|---|---|---|
| ၁ | 15(T)2/MR(E ) | Rail-Road Excavator with Rotary Cutter Attachment (6)Sets |
| ၁ | ၇၁/မမ/CE | မြန်မာ့မီးရထား၊ တိုင်းအမှတ် (၃) (၄) (၈) (၉)နယ်မြေတို့ရှိ အဆင့်မြှင့်တင်ရေး လမ်းပိုင်းများအတွက် လိုအပ်သော(1"x1½") စက်ခွဲလမ်းခင်းကျောက်(၁၃၀၀၀)ကျင်းအား အောက်ပါဘူတာများ အရောက်ဝယ်ယူရန် (နှစ်ဆက်လုပ်ငန်း) -<br>(၁) ဆမ်ဆယ်ဘူတာအရောက် - ၅၀၀ ကျင်း<br>(၂) ဘဲလင်းဘူတာ အရောက် - ၅၀၀၀ ကျင်း<br>(၃) ကက္ကူဘူတာ အရောက် - ၅၀၀၀ ကျင်း<br>(၄) သိမ်ဇရပ်ဘူတာ အရောက် - ၂၀၀၀ ကျင်း<br>(၅) ပုသိမ်ဘူတာ အရောက် - ၅၀၀ ကျင်း<br>စုစုပေါင်း - ၁၃၀၀၀ ကျင်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၄.၂.၂၀၂၂) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၃.၁.၂၀၂၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994, 291985

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ အမှတ်အေ-၇/၂၀၁ နေ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသည့် ဦးသိန်းထွန်းအောင်နှင့် ဒေါ်ခင်စန်းမူတို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးသိန်းထွန်းအောင်နှင့် ဒေါ်ခင်စန်းမူတို့၏ တတိယသမီးဖြစ်သူ ဒေါ်မေဦးလွင်(ခ)သဇင်နှင်း(ဘ)ဦးသိန်းထွန်းအောင် ၁၂/အလန(နိုင်)၀၄၅၃၄၆ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘ၊ ညီအစ်မများ၏ စိတ်ရောကိုယ်ပါ ဆင်းရဲစေသည့် ပြုမူဆောင်ရွက်ချက်များ၊ ဂုဏ်သိက္ခာကျဆင်းစေသည့် ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ဒေါ်မေဦးလွင်(ခ)သဇင်နှင်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါက်တာမေစန်းပွင့် LL.B,LL.MRes,PhD တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၄၄)

ဒေါက်တာဇာခြည်အောင် LL.B,LL.MRes,PhD တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၃)

ဒေါ်ကြာဖြူဝတ်ရည် LL.B,LL.M,DBL တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၈၉)

ဒေါ်သိမ့်သိမ့်စိုးဟန် LL.B,DBL တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၈)

LEGAL STEPS LEGAL CONSULTING LIMITED

တိုက်(၁)၊ အခန်း(၁၁၂၊ ၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၉၇၇၁၁၁၂၉၁ မှ ၀၉-၉၇၇၁၁၁၂၉၅ ထိ

## ပတ်စ်ပို့ပျောက်

ကျွန်မ မမြသီတာ ၈/မဘန(နိုင်) ၁၀၈၁၇၅ ၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်66W/95733 Honda Click-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထင်ကျော် ၉/မရတ(နိုင်)၀၀၃၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/8253 ISUZU Open Cab P/U ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၅/ခဥတ(နိုင်)၀၄၈၂၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7986 DAIHATSU HIJET S200P Pick UP(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပေါ် ၅/ယမပ(နိုင်)၀၆၉၂၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၂၅

W.COM Co.,LTD နှင့် ဦးဝေယံဟိန်း
MOBILE EDUCATIONAL UNIT
(၎င်း၏ ဒါရိုက်တာအဖွဲ့ဝင် ဦးဝဏ္ဏထွန်း)

တရားလို — တရားပြိုင်

W.COM Co.,LTD MOBILE EDUCATIONAL UNIT ၏ အကျိုးသက်ဆိုင်သူများအားလုံး သိစေရမည်။

W.COM Co.,LTD MOBILE EDUCATIONAL UNIT (၎င်း၏ ဒါရိုက်တာအဖွဲ့ဝင် ဦးဝဏ္ဏထွန်း)က ဦးဝေယံဟိန်းအပေါ် နစ်နာကြေးငွေကျပ်(၁၅၀၀၀၀၀၀၀/-)(ကျပ်သိန်း တစ်ထောင့်ငါးရာကျပ်တိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့သည် အမှုသည်အဖြစ် ပါဝင်လိုပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၄ရက်(၁၃၈၃ခုနှစ် ပြာသိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် ရုံးတော်သို့ လာရောက်ရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကွက်ပြင်ကြီးရွာနေ ဒေါ်ကေသီအောင် (ဘ) ဦးသန်းထွန်း၏ သမီး FB အကောင့် **Daw Kay Thi Aung**၊ ကေသီ အကောင့်များအသုံးပြုသူသည် အွန်လိုင်းစုမဲလုပ်ငန်းလုပ်ကိုင်ရင်း ပုံမှန်အရေစေ့ပေးသွင်းခြင်းမရှိသူများကြောင့် ငွေကြေးလည်ပတ်မှု အဆင်မပြေဖြစ်ခဲ့ရပါသည်။ လုပ်ဖော်ကိုင်ဖက်စုမဲအသင်းသားများကိုလည်း သတ်မှတ်ရက်များတွင် မူလကတိအတိုင်း ငွေထုတ်ပေးနိုင်ခြင်းမရှိဘဲ ကတိပျက်ကွက်နေခဲ့ရပါသည်။ လတ်တလောအခြေအနေများကြောင့် ငွေကြေးပေးသွင်းရန် အခက်အခဲဖြစ်ခဲ့သော်လည်း နောက်(၁)နှစ်ပြည့်ပြီးချိန်တွင် ပေးသွင်းရန်ရှိသည့်ငွေများကို စုမဲအသင်းသားများထံ အဆင်ပြေသလို ပေးအပ်သွားမည်ဖြစ်ပါကြောင်း အတိအလင်းကြေညာပါသည်။ ယခုအခါတွင် စုမဲအသင်းသားအချို့နှင့် မသမာသူတချို့တို့ ပူးပေါင်းကာ ဒေါ်ကေသီအောင်အပေါ် ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခြင်း၊ အုပ်စုဖွဲ့ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ပြုလုပ်ရန် ပြင်ဆင်နေကြောင်းကြားသိရပါသည်။ သို့ပါ၍ လူပုဂ္ဂိုလ်ဖြင့် လည်းကောင်း၊ အွန်လိုင်းမှလည်းကောင်း ဒေါ်ကေသီအောင်နှင့် မိသားစုအပေါ် ခြိမ်းခြောက်ခြင်း၊ အသရေပျက်အောင်ပြုလုပ်ခြင်း၊ ကိုယ်စိတ်ဂုဏ်သရေကို ထိခိုက်အောင်ပြုခြင်း၊ ပြစ်မှုကျူးလွန်ရန်အကြံဖြင့် နောက်ယောင်ခံလိုက်လံနှောင့်ယှက်ခြင်း၊ အနိုင့်ထက်ပြု၍ အသင့်ယူလာသော စာချုပ်များအား လက်မှတ်ရေးထိုးစေခြင်း၊ နေအိမ်ဥပစာအတွင်းသို့ ကျော်နင်းဝင်ရောက်ခြင်း၊ သဘောတူညီချက်မရှိဘဲပစ္စည်းပစ္စယများ ခိုးယူခြင်းတို့ မပြုလုပ်ပါရန်နှင့် ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားစွဲဆိုတိုင်တန်းသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူဖြိုး(LL.B)(C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၂၂)**
**အမှတ်(၁၀၇)၊ တိုက်(၂)၊ ကင်းအိမ်ရာ၊ မကွေးမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂(အောက်တိုဘာလမှ မတ်လအထိ)(၆လ) ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် CCTV System (10Sets) (1Lot)(မြန်မာကျပ်ငွေ)ဖြင့် (DDP At Site)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Tender No.13/ EPGE/2021-2022 | အပူစွမ်းအင်သုံးစက်ရုံများအတွက် CCTV System (10 Sets) ဝယ်ယူခြင်း။ | 1Lot |

၂။ ဝယ်ယူမည့်နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်း အဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၃:၀၀နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက် တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက် -၂၆-၁-၂၀၂၂ရက်၊ ၁၃ :၀၀နာရီ

၄။ တင်ဒါပုံစံအား ၁၄-၁-၂၀၂၂ရက်မှစတင်၍ ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ်(www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ ATBC COMPANY LTD သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၃၀ သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ATBC COMPANY LTD**

## ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့နယ်၊ အိမ်အမှတ်(၅)၊ ဘောဂဝတီရပ်နေ ကျွန်မ ဒေါ်ခင်စန်းဝင်း (ဘ) ဦးအောင်သိန်း ၉/ကဆန(နိုင်)၀၂၁၄၅၀ သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၆-၁-၂၀၂၁ရက်စွဲပါ ခွင့်ပြုချက်အမှတ် (၀၂၃၀)ဖြင့် အရောင်းပြခန်းမှ မော်တော်ယာဉ်ဝယ်ယူခွင့်ပြုသည့် အကြောင်းကြားစာ(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်ခင်စန်းဝင်း**
ဖုန်း-၀၉-၄၃၀၇၉၀၉၇

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၈)ရပ်ကွက်နေ ဦးကျော်ဇင်ဦး ၅/ရဘန(နိုင်)၁၃၃၇၇၂ ပိုင်ဆိုင်သော ယာဉ်အမှတ် 2G-6505, NISSAN DIESEL TRUCK (8x4)R (T/S)သည် ကသာမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးအောင်မြင့်ဦး ၅/ကဘလ(နိုင်)၁၈၇၂၃၆ ထံသို့ ရောင်းချပြီး ဖြစ်ပါသည်။

**ဦးကျော်ဇင်ဦး**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၁၃၂/၂၊ အကျယ်အဝန်း ၁၅၉၆စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၃၂/၂၊ ယင်းမာ(၂)လမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်မြေကွက်နေရပ်လိပ်စာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံခန့်ခွဲမှုဌာန၌ လွှန်ခဲ့သည့် ၂၀၁၅ခုနှစ်ကတည်းက တရားဝင် အမည်ပေါက်လျက် လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်ယဉ်ယဉ်မြင့် (ဘ)ဦးကျော်မြင့် ၁၂/ရကန(နိုင်)၀၂၁၃၇၉ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေ ဒေါ်ယဉ်ယဉ်မြင့်တစ်ဦးတည်းကသာ ယနေ့အချိန်ထိ တရားဝင်လက်ရှိထားနေထိုင်ပိုင်ဆိုင် စီမံခန့်ခွဲလျက်ရှိပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ယဉ်ယဉ်မြင့်နှင့် ၎င်းထံမှ တရားဝင်အမွေဆက်ခံကြမည့် သားသမီးများအားလုံး၏စာဖြင့် အတိအလင်းသဘောတူညီချက်မရရှိဘဲ အထက်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံပိုင်ဆိုင်မှုအား အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်ထားရှိ၍ ငွေကြေးလက်ခံရယူခြင်းများ မပြုလုပ်ကြရန် ယနေ့မှစ၍ အများသိစေရန် သတိပေးတားမြစ်လိုက်ပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေ၏ သတိပေးတားမြစ်ချက်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။

လွှဲအပ်သူ-
ဒေါ်ယဉ်ယဉ်မြင့်(ဘ)ဦးကျော်မြင့်
၁၂/ရကန(နိုင်)၀၂၁၃၇၉

လွှဲအပ်ချက်အရ-
ဦးမောင်မောင်စိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၈၅၄၄/၃၁-၁-၂၀၁၇)
အမှတ်(၉၃)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၇၂၆၄၁၂

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်၊ သစ္စာလမ်းနှင့် အထက-၁ လမ်းထောင့်၊ အမှတ်(စီ-၄၇၀)ဟုခေါ်တွင်သော မြေတိုင်းအခေါ် အကွက်အမှတ် [၁၆၄၇- အလယ်ရပ်(ကန်သာ)]၊ ဦးပိုင်အမှတ်(စီ-၄၇၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးမြရှိန် အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမြရှိန် ၈/ဆပဝ(နိုင်)၀၀၆၃၃၂ထံမှ အပြီးအပိုင်လက်ရောက်ရယူ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုကြေညာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ညွှန့်(စဉ်-၇၁၇၀)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(စီ-၂၇၅)၊ ၁၈လမ်းနှင့် ငုရွှေဝါလမ်းထောင့်၊ ကန်သာရပ်၊**
**မကွေးမြို့၊ ဖုန်း-၀၆၃-၂၆၁၈၀၊ ၀၉-၅၃၄၂၇၇၅**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(က)ရပ်၊ ၄ လမ်း၊ အမှတ်(အေ-၂၃၁)ဟုခေါ်တွင်သော ဧရိယာ ပေ ၄၀x ပေ ၆၀ ရှိ မြေကွက်သည် မကွေးမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ယာပိုင်ရှင် ဦးစိန်မြင့်အမည်ဖြင့် ပေါ်ပေါက်လျက်ရှိပြီး ဦးစိန်မြင့်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်မြင့်မြင့်စော ၈/မကန(နိုင်)၁၁၅၆၃၉ က လွှဲပြောင်းပိုင်ခွင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်ရယူဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုကြေညာပါသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ညွှန့်(စဉ်-၇၁၇၀)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(စီ-၂၇၅)၊ ၁၈ လမ်းနှင့် ငုရွှေဝါလမ်းထောင့်၊ ကန်သာရပ်၊ မကွေးမြို့၊**
**ဖုန်း-၀၆၃-၂၆၁၈၀၊ ၀၉-၅၃၄၂၇၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ်(၁/၇၆၀)၊ မြေဧရိယာ ၀ ဒသမ ၄၅၁ ဧကရှိ မြေကွက်အား ဦးစိုးသိမ်း(ခ)ဦးရှမ်းဝင်းအား မြေပေးမိန့်ထုတ်ပေးထားပြီးဖြစ်ပါသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်လျှောက်ထားနိုင်ရေး ကာယကံရှင်အား ခေါ်ယူရှင်းလင်းပြောကြားသွားရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၁၁-၁၁-၂၀၂၁ ရက်စွဲပါစာအမှတ် ၈၉၉၃/၂၀၀(၃)/၅-၃/အဖရ(တနင်္သာရီ)ဖြင့် အကြောင်းကြားခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးကျော်မင်းဆွေ ၆/အမရ(နိုင်)၀၂၈၂၃၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၈၇၅၂ Shan Thiha L/T(THM-02) P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမိုး ၉/ငဇန(နိုင်)၀၉၀၈၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၁၃၇၅ Handa Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဝင်း ၉/မရတ(နိုင်)၀၆၃၈၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/3529 Mitsubishi Canter FE70BB L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဝင်းကြည် ၈/ပခက(နိုင်)၀၂၀၂၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ၁၄၁ လမ်း၊ အမှတ် ၆၁ ဟုခေါ်တွင်သော ကွယ်လွန်သူ ဦးသိန်းမြင့်၊ ဇနီး ဒေါ်ဖြူဖြူမေတို့ နေထိုင်ပိုင်ဆိုင်ခဲ့သော နေအိမ်အဆောက်အအုံတို့၏ ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းများနှင့်စပ်လျဉ်းပြီး အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဂျပန်နိုင်ငံတွင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသည့် ဒေါ်စန္ဒာမိုး ၉/တတဥ(နိုင်)၀၀၁၂၄၁ (ဘ)ဦးမာမက်ယူစွပ်(ခ)ဦးလှမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်သည်မှာ-

ဒေါ်စန္ဒာမိုးသည် ဦးသိန်းမြင့်-ဒေါ်ဖြူဖြူမေတို့၏သားဖြစ်သူ ကိုသူရဇော်နှင့် တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပြီး ခင်ပွန်းသည် ကိုသူရဇော်၏ကျန်းမာရေးအခြေအနေအရ စားသောက်နေထိုင်ရေး အဝဝကိုပင် ဒေါ်စန္ဒာမိုးမှ တာဝန်ယူရှာဖွေကျွေးမွေး၊ ငွေကြေးထောက်ပံ့လျက်ရှိသည်ဟုလည်း ညွှန်ကြားချက်အရ သိရပါသည်။

ကိုသူရဇော်၏ဖခင် ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ဖြူဖြူမေတို့မှ သား(၂)ဦး ထွန်းကားခဲ့ရာ ကြီးစဉ်ငယ်လိုက်အားဖြင့် ကိုသူရဇော်နှင့် ကိုအောင်သက်ဇော်တို့ဖြစ်ပြီး ယင်းတို့၏မိခင် ဒေါ်ဖြူဖြူမေသည် ၂၀၁၂ ခုနှစ် မတ်လတွင်လည်းကောင်း၊ ဖခင် ဦးသိန်းမြင့်သည် ၁၄-၁၂-၂၀၁၆ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသည်ဟုလည်း ညွှန်ကြားချက်အရ ထပ်မံသိရပါသည်။

မိဘများကွယ်လွန်ပြီးနောက် ဒေါ်စန္ဒာမိုး၏ခင်ပွန်း ကိုသူရဇော်နှင့်ညီဖြစ်သူ ကိုအောင်သက်ဇော်တို့မှာ ဖော်ပြပါနေအိမ်၌ အတူနေထိုင်ကြရာမှ ကိုသူရဇော်၏ ညီဖြစ်သူ ကိုအောင်သက်ဇော်သည် အိမ်ထောင်မရှိသူ လူပျိုကြီးဖြစ်ပြီး ၂၉-၁၂-၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမိုးမှပင် ကိုအောင်သက်ဇော်၏ နာရေးအတွက် အစစကုန်ကျငွေများကိုလည်း ပေးပို့ကူညီခဲ့သည်ဟု ညွှန်ကြားချက်အရ သိရပါသည်။

ကိုအောင်သက်ဇော် မကွယ်လွန်မီက မိဘများအမည်ပေါက် မြေနှင့် အဆောက်အအုံ၏ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများကို သိမ်းဆည်းထားခဲ့ရာ ကိုအောင်သက်ဇော် ကွယ်လွန်သည့်နောက်ပိုင်းတွင် ၎င်းသိမ်းဆည်းထားသော ဖော်ပြပါမြေနှင့် အဆောက်အအုံ၏ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းများမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဒေါ်စန္ဒာမိုး၏မိခင်ဖြစ်သူ ဒေါ်ယဉ်ကြည်နှင့်ညီမဖြစ်သူ ဒေါ်ဥမ္မာမိုးတို့သည် ဒေါ်စန္ဒာမိုး၏ညွှန်ကြားချက်အရ ယင်းအိမ်သို့သွားရောက် မေးမြန်းစစ်ဆေးရာမှ ဖော်ပြပါစာရွက်စာတမ်းများ ပျောက်ဆုံးနေကြောင်း သိရပါသည်ဟုလည်း ညွှန်ကြားချက်အရ သိရပါသည်။

သို့ဖြစ်ပါ၍ အထက်ခေါင်းစီးပါ မြေ၊ အိမ်တို့နှင့်စပ်လျဉ်းသည့် ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းများကို ကျွန်ုပ်တို့အား ညွှန်ကြားသူ ဒေါ်စန္ဒာမိုး၏အတိ အလင်းသဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းကို လုံးဝမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်ပေးပါရန် ဒေါ်စန္ဒာမိုးမှ ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်သည်ကိုလည်း တစ်ပါတည်းသိစေအပ်ပါသည်။

**ဒေါ်စန္ဒာမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးထွန်းအေး(B.A,R.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)

ဒေါ်ဆွေဆွေညွှန့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)

ဒေါ်အေးခိုင်ဇင်(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၂၄)

ဒေါ်သီတာအေးမြ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၅၈)

အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၂၅၀၃၇၅၅၇၃၊ ၀၉-၂၅၀၃၇၅၅၇၂

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၊ MRTV News Channel၊ MWD Channel၊ MWD Variety Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် ပုဂံ FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အိုမီခရွန်ရောဂါပိုးရှိသူ ၄၂ ဦး ထပ်မံတွေ့ရှိ

### SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၁-၂၀၂၂)ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ခွဲနမူနာများအနက်

*စာမျက်နှာ ၂၄ ကော်လံ ၁* ■

## ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီး



ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးရာတွင် သိမ်းဆည်းရမိသည့် လက်နက်ပစ္စည်းများကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများက မရသိမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်း စခန်းချအခြေပြုလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ချေမှုန်းဖမ်းဆီးခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အာရှဖလားပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ- ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်- ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ- ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ ဒေါ်သူဇာထွေး၊ ဂိုးနည်းပြ- ဦးယဉ်မင်းအောင်၊

*စာမျက်နှာ ၂၄ကော်လံ ၄* ○

**ယနေ့ သတင်းအညွှန်း**


မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် Blue Diamond လမ်းကြားရှိ "ရွှေလွယ်အင်း" ကုမ္ပဏီ (ငွေအပ်နှံ/ထုတ်ပေးဌာန) လုယက်ခံရမှုမှ ကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိ
ပြည်တွင်းသတင်း | စာ - ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့်အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း၌ စစ်သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်
ပြည်တွင်းသတင်း | စာ - ၁၇